# ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ သောကြာနေ့၊ (29-8-2014) (၇၉၄၇)


## မိုးရေချိန်များ

၂၈-၈-၂၀၁၄

| | |
|---|---|
| လောင်းလုံ | ၆ ဒသမ ၄၂ လက်မ |
| ဆင်ဖြူကျွန်း | ၄ ဒသမ ၄၀ လက်မ |
| ထားဝယ် | ၃ ဒသမ ၇၀ လက်မ |
| ကော့သောင်း | ၂ ဒသမ ၃၇ လက်မ |
| မြောင်းမြ | ၂ ဒသမ ၀၉ လက်မ |

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၂၂/၂၀၁၄)**
**၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်**
**(၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)**

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ရခိုင်ပြည်နယ်ဝန်ကြီးများအား ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးကျော်သိန်း | ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) | ဦးကျော်ခင် | သစ်တောနှင့်သတ္တုဝန်ကြီးဌာန |
| (၃) | ဦးမြအောင် | စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန |
| (၄) | ဦးမောင်စံရွှေ | စည်ပင်သာယာရေးဝန်ကြီးဌာန |
| (၅) | ဒေါက်တာအောင်ကျော်မင်း | လူမှုရေးဝန်ကြီးဌာန |

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## နိုင်ငံတော်သမ္မတဦးသိန်းစိန် ချစ်ကြည်ရေးခရီးသွားရောက်မည်

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မကြာမီကာလတွင် ဂျာမနီနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့်နယ်သာလန်နိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဩဂုတ် ၂၈

**တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈ နာရီက မှော်ဘီတပ်နယ်ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။**



အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သရေစည်သူလှဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တိုင်းမှူးများ၊ ရန်ကုန်တိုင်းဒေသကြီးမြို့တော်ဝန်ဦးလှမြင့်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းဆင်း ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးသည်။ **(ဓါတ်ပုံ)** ထို့နောက် ဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁) မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် (၈၂) ဗိုလ်လောင်း လေးနွယ်ထွန်းအား ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင်

**စာမျက်နှာ ၅ ကော်လံ ၁ သို့☆**

## ချင်းတွင်းမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၈**

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ဩဂုတ် ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၄ စင်တီမီတာ (၁ လက်မခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(ကြေးမုံ)

## နှစ်နိုင်ငံချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ပေးမည့် အစ္စရေးဒုတိယဝန်ကြီး၏ မြန်မာနိုင်ငံခရီးစဉ်

အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဆာချီ ဟာနေးဘီသည် ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်ခရီး လာရောက်ခဲ့ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦးတို့နှင့် နေပြည်တော်တွင် တွေ့ဆုံခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်တွေ့ဆုံမှုအပြီးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ယဉ်ကျေးမှုနှင့်အားကစားကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မည့် သဘောတူစာချုပ်အား ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့်အတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

**တွေ့ဆုံမေးမြန်းသူ- ကျော်သဲအိမ်**
**ဓာတ်ပုံ - တင်ထွန်းအောင်**

မြန်မာနိုင်ငံသို့ရောက်ရှိစဉ် မြန်မာ့နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုများနှင့်ပတ်သက်၍ မြန်မာ့သတင်းစဉ် သတင်းအဖွဲ့မှ အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❑**







ကြေးမုံစာတည်းရှုထောင့် ၂၉-၈-၂၀၁၄၊ သောကြာနေ့

# မိုးတွင်းကာလ အသိ၊ သတိ

သဘာဝဘေးအန္တရာယ်ဟူသည် ကြိုတင်မျှော်မှန်းတွက်ချက်၍ မရနိုင်ဘဲ အချိန်၊ နေရာမရွေး ဖြစ်ပွားနိုင်သဖြင့် ပြည်သူအားလုံးက သဘာဝဘေးအန္တရာယ်ကို အထူးသတိပြုသင့်ပေသည်။ အထူးသဖြင့် ယခုမိုးတွင်းကာလ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်ချောင်းအင်းအိုင် အနီးတွင် နေထိုင်ကြသူများ၊ မြေတူးဖော်ပြီး အသက်မွေးဝမ်းကျောင်း ပြုသူများအနေဖြင့် ရေကြီးရေလျှံမှုများ၊ ကမ်းပါးပြိုကျမှုများ၊ မြေကျင်း ပြိုကျမှုများနှင့် ကြုံတွေ့နိုင်ပေရာ သဘာဝဘေးကို ပိုမို၍ သတိထားကြရမည်ဖြစ်သည်။

ပင်လယ်၊ မြစ်ချောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်များအနေဖြင့်လည်း ဘေးအန္တရာယ်ကျရောက်လာလျှင် ဘေးလွတ်ရာသို့ ရှောင်ရှားခြင်းနှင့် အသက်ကယ်ဝတ်စုံများ ဆောင်ထားခြင်း စသည်ဖြင့် ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေလျှံမှုများကြောင့် ရေတွင်းရေကန်များအတွင်း မသန့်ရှင်းသည့်အရာများ၊ မိလ္လာအညစ်အကြေးများ ရောနှောဝင်ရောက်နိုင်သဖြင့် ရေကို အလွယ်တကူ သောက်သုံးခြင်းမပြုကြဘဲ ကျိုချက်၍ သောက်သုံးကြရပေမည်။ မိုးတွင်းကာလတွင် အအေးမိတုပ်ကွေးနှင့် ဆက်စပ်သောရောဂါများနှင့် မသန့်ရှင်းမှုမှ ဖြစ်ပေါ်သောရောဂါများ ဖြစ်ပွားတတ်ပေရာ ပြည်သူများက ကျန်းမာရေး အသိဖြင့် နေထိုင်စားသောက်မှုပြုကြရမည်ဖြစ်သည်။

ထို့ပြင် မိုးတွင်းကာလအတွင်း လျှပ်စစ်အန္တရာယ်ကိုလည်း အထူးသတိပြုရှောင်ကြဉ်ကြရမည် ဖြစ်သည်။ ရေကြီးရေလျှံစဉ် ရေထဲတွင် နစ်မြုပ်နေလျှင်သော်လည်းကောင်း၊ ရေများထိစပ်နေလျှင်သော်လည်းကောင်း လျှပ်စစ်ဝါယာကြိုးများ၊ မိန်းခလုတ် စသည်များကို သတိရှိစွာကိုင်တွယ်အသုံးပြုကြရမည်။လေပြင်းတိုက်ခတ်စဉ် ဓာတ်ကြိုးများပြတ်ကျနိုင်သဖြင့် သတိရှိစွာ သွားလာပြီး လမ်းဘေးတွင် လဲကျ၊ ပြတ်ကျနေသည့်ဓာတ်တိုင်၊ ဓာတ်ကြိုးများကိုလည်း သတိလက်လွတ် ကိုင်တွယ်ခြင်းများ မပြုလုပ်သင့်ပေ။

မိုးတွင်းကာလသည် သဘာဝဘေးဒဏ်နှင့် အများဆုံးကြုံတွေ့နိုင်သဖြင့် ပြည်သူအားလုံးက သတိရှိစွာဖြင့် နေထိုင်လုပ်ကိုင်သွားလာကြရမည်ဖြစ်ပါသည်။ ယင်းအပြင် မိုးတွင်းကာလတွင် ကျရောက်တတ်သည့် ရောဂါများအန္တရာယ်မှ ကင်းဝေးရန် ကျန်းမာရေးအသိဖြင့် နေထိုင်စားသောက်ကြရမည်ဖြစ်ပါသည်။ အထူးသဖြင့် သဘာဝတွင်းထွက်များထွက်ရှိသည့်ဒေသများတွင် အသက်မွေးဝမ်းကျောင်းပြုကြသူများသည် လုပ်ငန်းများလုပ်ဆောင်စဉ် မြေပြိုကျကာ အသက်ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သဖြင့် မိုးတွင်းကာလအတွင်း သတိရှိရှိဖြင့် လုပ်ကိုင်သွားသင့်ပေသည်။

ယခုမိုးတွင်းကာလတွင် မိုးလေဝသဌာနမှ သတိပေးထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် မိုးတွင်းကာလတွင် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်ဆိုးကြီးမှ ရရှိမည့်ရလဒ်ဆိုးများကို ကြိုတင်စီမံကာကွယ်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သည့်သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုအများအပြားနှင့် ရင်ဆိုင်ခဲ့ကြရပြီး လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ယင်းသာဓကများကို အောက်မေ့ဆင်ခြင်ကာ သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်လုပ်ဆောင်သွားကြရမည် ဖြစ်ပါသည်။

သို့ပါ၍ မိုးတွင်းကာလအတွင်း မိုးသည်းထန်စွာရွာသွန်းသဖြင့် မြစ်ကြီးများတွင် စိုးရိမ်ရေမှတ်အထက်ကျော်လွန်ကာ မြစ်ရေလျှံမှုများ၊ မြစ်ရေတိုက်စားမှုများ၊ ကမ်းပါးပြိုမှုများ အချိန်မရွေးဖြစ်ပေါ်နိုင်သကဲ့သို့ သဘာဝတွင်းထွက်များထွက်ရှိရာ ဒေသများတွင် အသက်မွေးဝမ်းကျောင်းပြုသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကြောင့် အသက်ဆုံးရှုံးမှုများအထိ ဖြစ်ပေါ်နိုင်ပေရာ ကြုံတွေ့နိုင်သည့် ဘေးအန္တရာယ်များမှ ကင်းဝေးပြီး အသက်အိုးအိမ်စည်းစိမ်များ မဆုံးရှုံးရလေအောင် မိုးလေဝသဌာနမှထုတ်ပြန်သည့် သတိပေးချက်များကို အထူးဂရုပြုလိုက်နာကာ ကြိုတင်ပြင်ဆင်ကာကွယ်သွားကြရန် တိုက်တွန်းအပ်ပါသည်။ ။



# စီးပွားရေးထိခိုက်နစ်နာလွယ်မှုဆိုင်ရာ ဆပ်ကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDC) အဖြစ်မှ လွတ်မြောက်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၊ စီးပွားရေးထိခိုက်နစ်နာလွယ်မှုဆိုင်ရာ ဆပ်ကော်မတီ၏ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆပ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဆပ်ကော်မတီ၏ အထောက်အကူပြုကော်မတီများမှ ဒုတိယဝန်ကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် လိုအပ်သည့် ညွှန်းကိန်းသုံးရပ်အနက် မိမိတို့ဆပ်ကော်မတီက စုစည်းပေးရမည့် ညွှန်းကိန်းတွင်ပါဝင်သည့် အချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများကပြုစုပြီး အထောက်အကူပြုကော်မတီများက စိစစ်တင်ပြလာသည့် ယင်းညွှန်းကိန်းများကို ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဆက်ဆံရေးဆပ်ကော်မတီသို့ သတ်မှတ်ချိန်များအတိုင်း ပြုစုပေးပို့ရမည်ဖြစ်ကြောင်း၊ အချို့အချက်အလက်များသည် ဝန်ကြီးဌာနနှစ်ခု၊ သုံးခု၊ အထောက်အကူပြုကော်မတီနှစ်ခုတို့မှ ပေါင်းစပ်တွက်ချက်ရမည်ဖြစ်သည့်အတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အထောက်အကူပြုကော်မတီများ ပေါင်းစပ်ဆောင်ရွက်သွားနိုင်ရေး၊ တာဝန်ခွဲဝေနိုင်ရေးတို့ကို အသေးစိတ်ဆွေးနွေးညှိနှိုင်းရန် ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် စီးပွားရေးထိခိုက်နစ်နာလွယ်မှုဆိုင်ရာ ဆပ်ကော်မတီမှ စီးပွားရေးဆိုင်ရာအထောက်အကူပြုကော်မတီဝင်များ၊ ထိခိုက်လွယ်မှုဆိုင်ရာ အထောက်အကူပြုကော်မတီဝင်များ၊ နည်းပညာဆိုင်ရာ အထောက်အကူပြုကော်မတီဝင်များက မိမိတို့အထောက်အကူပြုကော်မတီများအလိုက် လုပ်ငန်းလိုအပ်ချက်များနှင့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၂၈**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၉၆၀၀ | - | ၆၇၀၆၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၉၃၀၀ | - | ၆၇၀၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၂၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၇၀. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၇၉. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၇. ၉၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၄၀၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၆. ၈၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ဝ၄၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၃၄. ၁၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၅. ၆၉၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၀၅. ၆၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၇. ၈၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




"(၆၂)နှစ်ပြည့် အဘ-ဘိုးမင်းခေါင်ထွက်ပွဲ"
စင်မြင့်ရှာ၊ပုပ္ပါး၊မယ်ဘွဲ့ကုန်း
(50000 Ks) (8-9-2014)ရက်နေ့ထွက်မည်။
ရွှေစေတီ
Ph:09450024419

ရွှေပြည်မြန်မာ 09-73207416,420248633
+အဘထွက်ပွဲ ပုပ္ပါး(သီးသန့်) (Sep 8) ထွက်မည်
+အဘထွက်ပွဲ + ပုဂံ(စွယ်တော်လေးဆူ)၊ ပခုက္ကူ၊သီဟိုဠ်ရှင်
+အဘထွက်ပွဲ+ပုဂံ၊ မန္တလေး၊ မြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
+အဘထွက်ပွဲ+တောင်ကြီး၊ အင်းလေး၊ ပင်းတယ
ခရီးစဉ်မျိုးစုံ ကားမျိုးစုံ စင်းလုံးငှား ဆောင်ရွက်ပေးသည်။
Oct 6

(၆၂)ကြိမ်မြောက် အဘအောင်မင်းခေါင်ထွက်ရပ်ပူဇော်ပွဲ
▲ပုပ္ပါး (သီးသန့်) ▲ပုပ္ပါး၊ပုဂံ(စွယ်တော်လေးဆူ)၊ပခုက္ကူ
▲ပုပ္ပါး၊တောင်ကြီး၊အင်းလေး၊ပင်းတယ၊မွေတော်ကက္ကူ၊ ထမ်စမ်း
▲ပုပ္ပါး၊ပုဂံ(စွယ်တော်လေးဆူ)၊မန္တလေး၊မြင်ဦးလွင် ခရီးစဉ်များ
၈-၉-၂၀၁၄ ထွက်မည်
249871, 255553, 389611, 09-5137245

နာကျင်ဒဏ်ရာတွေကင်း အကြောဆေးမှာ "လင်းရှင်း"
လင်းရှင်း
အကြောပြေအထုံကြေ
လိမ်းဆေးဆီ
20g
TMR-012616(0317)
Ph : 075-21587
CERTIFICATE NO : 63637 / A / 0001 / UK / EN
Product Of ; YOKE PYO COMPANY LIMITED
ရှပ်ချိ တိုင်းရင်းဆေး မှထုတ်လုပ်သည်။

# ၃၀၀ မဂ္ဂါဝပ်ထွက်ရှိမည့် နေစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ စီမံကိန်းဆိုင်ရာသဘောတူစာချုပ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမေရိကန်နိုင်ငံအခြေစိုက် ACO ကုမ္ပဏီတို့ လက်မှတ်ရေးထိုး

**နေပြည်တော်　ဩဂုတ် ၂၈**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမေရိကန်နိုင်ငံအခြေစိုက် ACO Investment Group LLC and Convalt Energy LLC တို့အကြား မန္တလေးတိုင်းဒေသကြီးတွင် ၃၀၀ မဂ္ဂါဝပ်ရှိ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်၊ လည်ပတ်မောင်းနှင်ရေးနှင့် လွှဲပြောင်းပေးအပ်ရေးဆိုင်ရာ သဘောတူညီချက်(MoA)လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုး၊ ဦးသန်းဌေး၊ ဒေါက်တာကိုကိုဦးနှင့် ဒုတိယဝန်ကြီးများ၊ အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မစ္စတာမိုက်ကယ်ဖရိုမန်၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ်နှင့် ACO Investment Group LLC and Convalt Energy LLC မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လက်ရှိရေအား၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားများထုတ်လုပ်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံမှာ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် အရင်းအမြစ်များ ပေါများသော်လည်း စက်ရုံတည်ဆောက်ပြီးစီးရန် ၅ နှစ်မှ ၁၀ နှစ်ထိ အချိန်ယူဆောင်ရွက်ရပြီး ရင်းနှီးမြှုပ်နှံမှုငွေပမာဏလည်း အလွန်များပြားပါကြောင်း၊ သဘာဝဓာတ်ငွေ့ ရရှိနိုင်မှုမှာလည်း အကန့်အသတ်ရှိနေခြင်းကြောင့် အခြားစွမ်းအင်အသစ်များရှာဖွေသုံးစွဲရန်ကြိုးပမ်းဆောင်ရွက်ခဲ့ရပါကြောင်း။

အမေရိကန်နိုင်ငံ ACO ကုမ္ပဏီက မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီးတွင် နေစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် အလားအလာရှိသော မြင်းခြံခရိုင်၊ နဘူးအိုင်နှင့် မိတ္ထီလာခရိုင်၊ ဝမ်းတွင်းဒေသတို့၌ Survey ပြုလုပ်ပြီး တွက်ချက်တိုင်းတာခဲ့ပါကြောင်း၊ စီမံကိန်းအတွက်လိုအပ်သော မြေနေရာကို မန္တလေးတိုင်းဒေသကြီးအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်မည့် နဘူးအိုင်နှင့် ဝမ်းတွင်းစက်ရုံနှစ်ခုမှ လျှပ်စစ်ဓာတ်အား ၃၀၀ မဂ္ဂါဝပ်ထုတ်လုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် နှစ်စဉ်နွေရာသီကြုံတွေ့ရသည့် လျှပ်စစ်ဓာတ်အားမလုံလောက်မှုကို အဆိုပါ Solar ဓာတ်အားပေးစက်ရုံများက ဓာတ်အားဖြည့်ဆည်းပေးနိုင်ရန် အထူးအလေးအနက်ထား ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားသုံးစွဲလိုသူများ၏ ဓာတ်အားလိုအပ်ချက်တိုးတက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းလျက်ရှိရာ ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာခြင်းကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ယခု ACO က ဆောင်ရွက်မည့် နေစွမ်းအင်မှ လျှပ်စစ်စွမ်းအား ထုတ်လုပ်ခြင်းလုပ်ငန်းသည် သဘာဝ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစားဖြစ်ခြင်းကြောင့် ယနေ့ကမ္ဘာက အလေးထားနေသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချရေးတို့အတွက် ထိရောက်အကျိုးရှိသော စီမံကိန်းဖြစ်ကြောင်း၊ ယခုဆောင်ရွက်သည့် စီမံကိန်းသည် ပြည်ထောင်စုအစိုးရလက်ထက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးသည့်စီမံကိန်းဖြစ်သည့်အတွက် အလားတူ စီမံကိန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီးက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကလိုအပ်ချက်ဖြစ်သည့် မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍတွင် အမေရိကန်ပြည်ထောင်စုက ရင်းနှီးမြှုပ်နှံရခြင်းအတွက် ဝမ်းမြောက်ပါကြောင်း၊ ယခု Solar စီမံကိန်းသည် သန့်စင်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်၍ ကမ္ဘာ့အသိုက်အဝန်းတွင် ရာသီဥတုပြောင်းလဲမှုအား ခြိမ်းခြောက်နေခြင်းကို လျှော့ပါးသက်သာစေရေးဆောင်ရွက်ရာတွင် အထောက်အကူပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် မစ္စတာမိုက်ကယ်ဖရိုမန်က ယနေ့လက်မှတ်ထိုးပွဲသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက်တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုအဖြစ် မှတ်တမ်းဝင်မည်ဖြစ်ကြောင်း၊ ယခု Solar စီမံကိန်းသည် အလုပ်အကိုင်များရရှိစေခြင်း၊ ဓာတ်အားစနစ်အတွက် လိုအပ်သောဓာတ်အားများဖြည့်ဆည်းပေးခြင်းနှင့်ဒေသတွင်းအခြေခံအဆောက်အအုံများတိုးတက်လာစေမှာဖြစ်ကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအတွက် လုပ်ငန်းများ ၅၀၀ ခန့်ကို အထောက်အကူပြုနိုင်ပြီး စီမံကိန်းခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာသန်း ၄၈၀ ၏ ၂၀ ရာခိုင်နှုန်းမှာ အမေရိကန်ပြည်ထောင်စုမှ တင်သွင်းမည်ဖြစ်ရာ အမေရိကန်၏ လုပ်ငန်းများကိုလည်း အထောက်အကူပြုသဖြင့် နှစ်နိုင်ငံလုံးအတွက် အကျိုးရှိပါကြောင်း။

စီမံကိန်းပြီးစီးပါက မြန်မာနိုင်ငံ၏ ဓာတ်အားထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းခန့်ကို နေရောင်ခြည်စွမ်းအင်ဖြင့် ဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း၊ မိုးရာသီတွင် နေရောင်ခြည်မှထုတ်လုပ်မှုလျော့သည့်အခါ ရေအားဖြင့် ဖြည့်ဆည်း၍ နွေရာသီတွင် ရေအားမှ ထုတ်လုပ်မှုလျော့သည့်အခါ နေရောင်ခြည်စွမ်းအင်ဖြင့် ဖြည့်ဆည်းပေးနိုင်ပါကြောင်း၊ ထို့အပြင် စီမံကိန်း၏အနီးပတ်ဝန်းကျင်ဒေသနေပြည်သူများအတွက် လမ်းများဖောက်လုပ်ခြင်း၊ ကျောင်းများအတွက် စာကြည့်တိုက်များ ဆောက်လုပ်ခြင်း စသည့် ဖွံ့ဖြိုးမှုအစီအစဉ်များနှင့် ဒေသခံအလုပ်သမားများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများအားဓာတ်အားစနစ်နှင့်ချိတ်ဆက်သော ပြည်လည်ပြည့်ဖြိုးမြဲစွမ်းအင်အတွက်သင်တန်းများပေး၍ နည်းပညာများပေးရန် ACO နှင့် Convalt Energy ကုမ္ပဏီတို့မှ ဆောင်ရွက်ပေးလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက်လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းနှင့် ACO Investment Group LLC and Convalt Energy LLC မှ Managing Director & CEO တို့က သဘောတူစာချုပ်(MoA)ကို လက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ကြသည်။

ယခုလက်မှတ်ရေးထိုးသည့် စီမံကိန်းသည် အမေရိကန်နိုင်ငံအခြေစိုက် ACO Investment Group LLC and Convalt Energy LLC တို့၏ ရင်းနှီးမြှုပ်နှံမှုဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း နဘူးအိုင်နှင့် ဝမ်းတွင်းဒေသနှစ်ခုတွင် ၁၅၀ မဂ္ဂါဝပ်ရှိသော နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ စုစုပေါင်း ၃၀၀ မဂ္ဂါဝပ်ကိုတည်ဆောက်ရန်ဖြစ်ပြီးနွေရာသီကာလတွင် နှစ်စဉ်ကြုံတွေ့ရသည့် လျှပ်စစ်ဓာတ်အား မလုံလောက်မှုကိုဖြည့်ဆည်းနိုင်ရေးအတွက် ဆောင်ရွက်သော စီမံကိန်းဖြစ်ကြောင်းလျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**




**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းနှင့် ACO Investment Group LLC and Convalt Energy LLC မှ Managing Director & CEO တို့ သဘောတူစာချုပ်(MoA)ကို လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွဋ်အား စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးမျိုးမြင့်ဦးအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ရာထူး၊ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာမျိုးကြွယ်<br>ဒုတိယပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန |
| (ခ) | ပါမောက္ခ ဒေါက်တာဒေါ်မြတ်သန္တာ<br>ဒုတိယပါမောက္ခချုပ်(စီမံ)<br>ဆေးတက္ကသိုလ်(၁) ရန်ကုန်<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သူနာပြုတက္ကသိုလ်(ရန်ကုန်)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |





ကာမာလာ ဆေးကုသမှု ခံယူနေစဉ်

## အိန္ဒိယတွင် အမျိုးသမီးကြီးတစ်ဦးက ကျားသစ်ကို အနိုင်သတ်ခဲ့သည်ဟု ဆို

**နယူးဒေလီ ဩဂုတ် ၂၈**

အိန္ဒိယနိုင်ငံတွင် အမျိုးသမီးကြီးတစ်ဦးသည် ၎င်းအား ရန်မူလာသည့် ကျားသစ်တစ်ကောင်အား ခုခံတိုက်ခိုက် အနိုင်ယူသတ်ဖြတ်နိုင်ခဲ့ပြီးနောက် ရရှိလာသော ဒဏ်ရာများဖြင့် ဆေးရုံတက်ရောက်ကုသလျက်ရှိရာ အခြေအနေ ကောင်းမွန်ကြောင်း မကြာသေးမီက ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အသက် ၅၆ နှစ် ကာမာလာဒေဝီအမည်ရှိ အဆိုပါ အမျိုးသမီးကြီးသည် လယ်ယာသုံး ကိရိယာများဖြင့် အနိုင်ယူတိုက်ခိုက်နိုင်သည်မှာ အံ့ဖွယ်ဖြစ်သည်။

နာရီဝက်ကြာ အသက်လုတိုက်ပွဲတွင် အကိုက်ခံရသည့် ဒဏ်ရာများ၊ အကုတ်အခြစ်ခံရသည့် ဒဏ်ရာများ၊ ကျိုးသည့်ဒဏ်ရာများကို အသက်မသေသော်လည်း သူမခံစားခဲ့ရသည်။

နိုင်ငံမြောက်ပိုင်း၊ ဥတ္တရာခန်ပြည်နယ်၊ ဒူဒရာပရာယပ်ခရိုင်အတွင်း ဆင်းနာအူတီကျေးရွာအနီးရှိ သူမ၏ ယာခင်းသို့ တနင်္ဂနွေနေ့တွင် တူးမြောင်းမှ ရေသယ်နေစဉ် ချုံပုတ်များအတွင်းမှ ကျားသစ်က သူမကို ခုန်အုပ်လိုက်ခြင်းဖြစ်သည်။

ကာမာလာသည် ၎င်းတွင် ပါလာသော တံစဉ်တစ်ချောင်း၊ ဂေါ်ပြားတစ်လက်တို့ဖြင့် ကျားသစ်ကို ပြန်လည်တိုက်ခိုက်ခဲ့သည်။

တိုက်ပွဲအတွင်း ကျားသစ်၏ သွားအချို့ကို ရိုက်ချိုးနိုင်ခဲ့သည်ဟု ပြောသည်။

နာရီဝက်ကြာမျှ ကျားသစ်နှင့် မျက်နှာချင်းဆိုင် သတ်ပုတ်ခဲ့ရကြောင်း၊ ယင်းနောက် ၎င်းတိရစ္ဆာန်သေသွားသည်ကို သိလိုက်ကြောင်း သီရိနာဂါဂါဝေါမြို့ဆေးရုံ၌ ဆေးကုသမှုခံယူနေသော သူမက သတင်းထောက်များကို ပြောပြခဲ့သည်။ များပြားလှသောဒဏ်ရာများဖြင့် ကာမာလာ အသက်ရှင်သည်ကို ဆရာဝန်များက အံ့အားသင့်နေကြသည်။

၎င်းမှာ ညာလက်နှင့် ဘယ်လက်နှစ်ဖက်လုံး ကျိုးသည့်အပြင် ဦးခေါင်းနှင့် ခြေထောက်တို့တွင်လည်း ဒဏ်ရာပြင်းထန်ပြီး တစ်ကိုယ်လုံးမှာလည်းကိုက်ရာများပြည့်နှက်လျက်ရှိကြောင်း ဆေးကုသသည့် ဆရာဝန်က ပြောသည်။ ဘီဘီစီ။

## လက်တင်အမေရိကနှင့် ကာရစ်ဘီယံတွင် ဆင်းရဲမှုလျှော့ချနိုင်ခဲ့ဟု ယူအန်ဒီပီပြောကြား

**နယူးယောက် ဩဂုတ် ၂၈**

ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (ယူအန်ဒီပီ)၏ အစီရင်ခံစာအရ လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသတို့တွင် မကြာသေးမီနှစ်များအတွင်း၌ လူဦးရေ ၅၆ သန်းကျော်ကို ဆင်းရဲတွင်းမှ ဆွဲတင်နိုင်ခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

နောက်ဆုံးထုတ် ယူအန်ဒီပီအစီရင်ခံစာတွင် ဆင်းရဲခြင်းအဆင့်သည် ၂၀၀၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း လူဦးရေ၏ ၄၁ ဒသမ ၇ ရာခိုင်နှုန်းမှ ၂၅ ဒသမ ၃ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။

ယင်းသို့ တိုးတက်မှုများရှိသော်လည်း လူဦးရေသန်း ၂၀၀ ခန့်သို့မဟုတ် လူဦးရေ၏ ၃၇ ဒသမ ၈ ရာခိုင်နှုန်းသည် ဆင်းရဲတွင်း၌ ရှိနေဆဲဖြစ်ကြောင်း သတိပေးသည်။

ယူအန်ဒီပီက လူမှုရေးကာကွယ်မှုအစီအစဉ်များတွင် ပိုမိုရင်းနှီးမြှုပ်နှံကြပါရန် တောင်းဆိုခဲ့သည်။

လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသတွင် ဆင်းရဲမွဲတေမှုကို ထက်ဝက်နီးပါး လျှော့ချနိုင်ခဲ့ကြောင်း၊ လူလတ်တန်းစားအရေအတွက်သည် ၂၀၀၀ ခုနှစ်တွင် ၂၂ ရာခိုင်နှုန်းရှိရာမှ ၂၀၁၂ ခုနှစ်တွင် ၃၄ ရာခိုင်နှုန်းသို့ တိုးလာခဲ့ကြောင်း လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသ ယူအန်ဒီပီ ညွှန်ကြားရေးမှူး ဂျက်စီကာဖီယက်တာက ပြောသည်။

တစ်ရက်လျှင် လေးဒေါ်လာနှင့် ဆယ်ဒေါ်လာအကြား ဝင်ငွေရှိသူဦးရေသည် ၂၀၀၀ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အကြားတွင် ၃ ဒသမ ၄ ရာခိုင်နှုန်း တိုးလာခဲ့သည်။

လက်တင်အမေရိကနှင့်ကာရစ်ဘီယံဒေသများတွင်သာမက တစ်ကမ္ဘာလုံးရှိ အခြားဒေသများတွင်ပါ လူမှုရေးနှင့် စီးပွားရေးတိုးတက်မှုနှုန်းသည် လွန်ခဲ့သည့်ဆယ်နှစ်က ရှိခဲ့သည့်နှုန်းထက်လျော့နည်းလာခဲ့ကြောင်း ညွှန်ကြားရေးမှူးက ထောက်ပြခဲ့သည်။ ဘီဘီစီ။



## ဗာဂျီးနီးယားပြည်နယ်တွင် တိုက်လေယာဉ်တစ်စင်းပျက်ကျ

**ဝါရှင်တန် ဩဂုတ် ၂၈**

အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ် ဒီးယားဖီးလ်ဒေသအနီးတွင် အမေရိကန်စစ်ဘက်ဆိုင်ရာမှအက်ဖ်-၁၅ စီ အီးဂဲလ်အမျိုးအစား ဂျက်တိုက်လေယာဉ်တစ်စင်း ပျက်ကျကြောင်း ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ပုံမှန်လေ့ကျင့်ပျံသန်းစဉ် ပျက်ကျသွားခြင်းဖြစ်ကြောင်း ပင်တဂွန်မှ အတည်ပြုပြောကြားသည်။

အဆိုပါ ဂျက်တိုက်လေယာဉ်က နိုင်ငံကိုဖြတ်၍ ပျံသန်းစဉ် မက်ဆာချူးဆက်ပြည်နယ်ရှိ အမျိုးသားလေကြောင်း လုံခြုံရေးအခြေစိုက်စခန်းနှင့် အဆက်အသွယ်ပြတ်တောက်သွားကြောင်း ဗာဂျီးနီးယား ပြည်နယ်ရှိ ရှန်နန်ဒို့ချ်တောင်ကြားဒေသ၌ ပျက်ကျသွားခြင်းဖြစ်ကြောင်း အမျိုးသား လေကြောင်း လုံခြုံရေးအခြေစိုက် ဗျူရိုက ကြေညာချက်တစ်စောင် ထုတ်ပြန်သည်။

ယင်းလေယာဉ်၌ အရေးပေါ် အခြေအနေမကျရောက်မီကပင် ဆက်သွယ်ရေး ပြတ်တောက်မှုနှင့် ကြုံတွေ့ရကြောင်း လေယာဉ်မှူးက ပြောကြားသည်။ **ဆင်ဟွာ။**

## တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် မြေပြို လူခြောက်ဦးသေဆုံးပြီး ၂၁ဦးပျောက်နေ

**ပေကျင်း ဩဂုတ် ၂၈**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် မြေပြိုမှုတစ်ရပ် ဩဂုတ် ၂၈ရက်က ဖြစ်ပွားခဲ့ရာ လူခြောက်ဦးသေဆုံးပြီး ၂၁ဦးပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ ကွမ်စုပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် မြေပြိုမှုဖြစ်ပွားခဲ့ခြင်းကြောင့် လူနေအိမ်ခြေ ၇၀ကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း တရုတ်အစိုးရပိုင် ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့သည်။

မြေပြိုမှုတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူ ၂၂ဦးအား ဒေသတွင်းရှိ ဆေးရုံများသို့ တင်ပို့ကာ ဆေးဝါးကုသမှုခံယူစေခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များ၏ ပြောကြားချက်များအား ကောက်နုတ်၍ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဒေသတွင်းမှရုပ်မြင်သံကြားဌာနများ၏ ထုတ်လွှင့်မှုတွင် ကယ်ဆယ်ရေးလုပ်သားများက ရွှံ့ညွှန်များအတွင်း၌ ဖုံးလွှမ်းနေသူများအား ကယ်ဆယ်လုပ်ဆောင်နေမှုများကို ထုတ်လွှင့်ဖော်ပြခဲ့သည်

သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များကို ၎င်းတို့အနေဖြင့် ကာကွယ်စောင့်ရှောက်နေပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား ဆက်လက်လုပ်ဆောင်နေကြောင်း ဒေသတာဝန်ရှိသူများက ပြောကြားသည်။

ဩဂုတ် ၂၇ ရက် ညက ရင်ပင်းကျေးရွာ၌ ဖြစ်ပွားခဲ့သော အဆိုပါ မြေပြိုမှုသည် တရုတ်နိုင်ငံ တောင်ပိုင်းဒေသ၌ ယခုလအတွင်း ဖြစ်ပွားခဲ့သော ဒုတိယအကြီးမားဆုံး သဘာဝဘေးအန္တရာယ်ကျရောက်မှုလည်းဖြစ်သည်။

ဩဂုတ်လ အစောပိုင်းကယင်းဒေသနှင့် ထိစပ်နေသည့် ယူနန်ပြည်နယ် အစွန်အဖျားဒေသတွင် မြေငလျင်တစ်ရပ် လှုပ်ခတ်ခဲ့ပြီး လူပေါင်း ၆၁၅ ဦး သေဆုံးခဲ့ရသည်။ **ဘီဘီစီ။**

## နိုင်ဂျီးရီးယားနိုင်ငံ မြို့တော်လေဂို့စ်ပြင်ပ၌ အီဘိုလာပိုင်းရပ်စ်ကူးစက်ပျံ့နှံ့ကြောင်း အတည်ပြု

**လေဂို့စ် ဩဂုတ် ၂၈**

နိုင်ဂျီးရီးယားနိုင်ငံမြို့တော်၏ လေဂို့စ်ပြင်ပ၌ ရေနံတင်ပို့ရာ မြို့တော်တစ်မြို့ဖြစ်သော လေဂို့စ်မြို့တွင် ဆရာဝန်တစ်ဦး အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်ပြန့်ပွားမှုခံရကာ သေဆုံးခဲ့ကြောင်း နိုင်ဂျီးရီးယား အာဏာပိုင်များက ဩဂုတ် ၂၈ရက်တွင် အတည်ပြုပြောကြားခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

သေဆုံးသွားသူ ဆရာဝန်၏ဇနီးမှာလည်း ရောဂါဖြစ်နိုင်ခြေရှိသူတစ်ဦးအဖြစ် ခြေချုပ်ချမှတ်ခံနေရပြီး ယင်းမြို့အတွင်းရှိ အခြားလူ ၇၀ ကျော်မှာလည်း အီဘိုလာဗိုင်းရပ်စ် ရောဂါအခြေခံအကြောင်းများနှင့် စုံစမ်းထောက်လှမ်းခံနေရသည်။

နောက်ဆုံးရရှိသော ကိန်းဂဏန်းများအရ အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်ပြန့်ပွားမှုကြောင့် သေဆုံးရသူ ဦးရေမှာ ၁၅၀၀ကျော်ရှိပြီး လတ်တလောတွင် ၎င်းရောဂါကူးစက် ပြန့်ပွားခံနေရသူဦးရေမှာ ၃၀၀၀ကျော်ရှိကြောင်း အတည်ပြုထားသည်။ ယင်းတို့အနက် အများစုမှာ ဂီနီ၊ လိုင်ဘေးရီးယားနှင့် ဆီယာလီယွန်းနိုင်ငံများမှ ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒဗလျူအိတ်ချ်အိုက ခန့်မှန်းသတ်မှတ်ရာတွင် ရောဂါလက္ခဏာပြ လူနာဦးရေသည် ၂၀၀၀၀ကျော်ထက် ပိုလွန်ဖွယ်ရှိမည်ဟု ဆိုသည်။ **ဘီဘီစီ။**



နိုင်ဂျီးရီးယားနိုင်ငံမှ အီဘိုလာရောဂါကူးစက်မှု ကာကွယ်ရေးမြင်ကွင်း။

## အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းကမ်းလွန်တွင် ငလျင်လှုပ်

**ဂျကာတာ ဩဂုတ် ၂၈**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း ကမ်းလွန်တွင် ဩဂုတ် ၂၈ ရက်က အင်အား ၅ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသနှင့် ဘူမိဗေဒဌာနက ကြေညာချက်ထုတ်ပြန်သည်။

ဂျကာတာဒေသစံတော်ချိန် မွန်းလွဲ ၁၃နာရီ ၂၃ မိနစ်က အင်ဒိုနီးရှားနိုင်ငံအရှေ့မြောက်ဘက်မှ ၂၃၈ကီလိုမီတာကွာဝေးသော မာလူကူပြည်နယ် မာလူကူဘာရက်ဒါယာဒေသကို ဗဟိုပြု၍ ပင်လယ်ကြမ်းပြင်အောက် ၁၅၁ ကီလိုမီတာအနက် ၌ လှုပ်သွားခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဘူမိဗေဒဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဆင်ဟွာ သတင်းဌာနသို့ တယ်လီဖုန်းဖြင့် ပြောကြားသည်။ **ဆင်ဟွာ။**

## ပြည်တွင်းရေးရာ

☆ရှေ့ဖုံးမှ

တပ်မတော်၏နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေးတာဝန်များကို ထမ်းဆောင်သည့်နေရာတွင် ရဲဘော်တို့၏ အတတ်ပညာနှင့်စွမ်းရည်များကို အပြည့်အဝအသုံးချနိုင်တော့မည်ဖြစ်သည့်အတွက် နိုင်ငံတော်နှင့်တပ်မတော် အတွက် အားသစ်လောင်းသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ တပ်မတော်၏ သမိုင်း စဉ်တစ်လျှောက်တွင် ပထမဦးဆုံးသော ဗိုလ်သင်တန်းကျောင်းဆင်း ဘွဲ့ရ အမျိုးသမီးအရာရှိများအဖြစ် တာဝန်ထမ်းဆောင်ရတော့မည့် ရဲဘော်တို့အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း။

ယနေ့ခေတ် ကမ္ဘာကြီး၏ အခြေအနေကို လေ့လာကြည့်လျှင်လည်း နိုင်ငံ အများအပြားတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရင်ပေါင် တန်းပြီး အလုပ်လုပ်ကိုင်နေကြကြောင်း၊ အချို့နိုင်ငံများတွင် နိုင်ငံအကြီးအကဲ တာဝန်ထမ်းဆောင်နိုင်သည်အထိ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မား လာသည်ကို ရဲဘော်တို့အသိပင်ဖြစ်ကြောင်း။

နိုင်ငံ၏ သမိုင်းကြောင်းကို လေ့လာကြည့်လျှင် တပ်မတော်သည် အတိတ် ကာလကပေးသည့် သမိုင်းသင်ခန်းစာနှင့် မျိုးချစ်စိတ်ဓာတ်ကို အခြေခံပြီး လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပြည်သူကြားက ပေါက်ဖွားလာခဲ့သည့် တပ်မတော်ဖြစ်ကြောင်း၊ တပ်မတော်ပေါ်ထွန်းလာပြီး နိုင်ငံတော်အတွက် လွတ်လပ်ရေးရအောင်ကြိုးပမ်းပေးနိုင်ခဲ့သကဲ့သို့ နိုင်ငံတော်အတွက် အရေးကြုံ လာသည့်အခါတိုင်းတွင်လည်း တပ်မတော်ကပင် ဝင်ရောက်စောင့်ရှောက်ပေး ခဲ့ရခြင်းကို ရဲဘော်တို့အားလုံး အသိပင်ဖြစ်ကြောင်း။

ထိုအစဉ်အလာကောင်းများနှင့် ပြည့်စုံသည့်တပ်မတော်၏ သမိုင်းကြောင်း တစ်လျှောက်တွင် မြန်မာအမျိုးသမီးများ၏ထူးချွန်ပြောင်မြောက်သည့် ကြိုးပမ်း ဆောင်ရွက်မှုအချို့လည်းပါရှိခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးနောက် ပြည်တွင်း ငြိမ်းချမ်းရေး တည်ဆောက်သည့်ကာလတွင်လည်း မြန်မာအမျိုးသမီးအချို့ သည် တပ်မတော်သို့ဝင်ရောက်စစ်မှုထမ်းခဲ့ကြကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၅၄ ခုနှစ်က နိုင်ငံတော်ကာကွယ်ရေးအတွက် အမျိုးသမီးစစ်ဝန်ထမ်းတပ်ဖွဲ့များ ကို ဖွဲ့စည်းခဲ့ပြီး ထူးချွန်ပြောင်မြောက်သည့် အမျိုးသမီးစစ်မှုထမ်းများစွာလည်း ပေါ်ပေါက်ခဲ့ကြောင်း။

တပ်မတော်၏ လုပ်ငန်းတာဝန်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ဆိုပြီး ချမှတ်ပြဋ္ဌာန်း ပေးထားပြီးဖြစ်ကြောင်း၊ ထိုအထဲကမှ အခြေခံအကျဆုံးတာဝန်သည် နိုင်ငံတော် ကာကွယ်ရေးတာဝန်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရင်းတစ်ဖက်တွင်လည်း လေ့ကျင့်ရေးတာဝန်ကို ထမ်းဆောင် သွားကြရမည်ဖြစ်ကြောင်း။

တပ်မတော်၏ နောက်ထပ်အဓိကလုပ်ငန်းတာဝန်ကြီးတစ်ခုမှာ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ပင်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော် တွင်အရေးကြုံလာသည့်အခါတိုင်း ရှေ့တန်းက အမြဲတမ်းမားမားမတ်မတ်ရပ် တည်ခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့သည့်အချိန်တွင်လည်း တပ်မတော်သားတွေကသာ အရင်ဆုံးရောက်ရှိကူညီခဲ့ကြခြင်းဖြစ်ကြောင်း၊ ယင်းသည် တပ်မတော်၏အလွန်မွန်မြတ်သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန် ကို ထမ်းဆောင်နေခြင်းပင်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင်လည်း တပ်မတော် သည် နိုင်ငံတစ်ဝန်းသွားလာမှု ခက်ခဲသည့်နေရာများအထိ ရောက်ရှိပြီး ဆေးကုသပေးမှုများအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့ အကျိုးပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် (၈၂) ဗိုလ်လောင်း လေးနွယ်ထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (မြဝတီ)

မိမိရောက်ရှိတာဝန်ထမ်းဆောင်သည့် နယ်မြေဒေသက ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် တတ်အားသမျှပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ခေါင်းဆောင်မှုနှင့်ပတ်သက်၍ အရေးကြီးဆုံးမှာလုပ်ငန်းကျွမ်းကျင်မှု၊ အတတ်ပညာပိုင်းဆိုင်ရာ တတ်ကျွမ်းမှုနှင့် စစ်စည်းကမ်းလိုက်နာပြီး အမိန့်နာခံ မှုရှိရေးတို့ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်မှုပညာနှင့် ခေါင်းဆောင်မှု အင်္ဂါရပ်များကို သေချာစွာလေ့လာမှတ်သားပြီး စနစ်တကျလိုက်နာကျင့်ကြံ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

တပ်မတော်သည် အဓိကလုပ်ငန်းတာဝန်ကြီး (၃)ရပ်အပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တာဝန်သည်လည်း တပ်မတော်၏ အဓိကတာဝန်ပင်ဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၂၀)မှာ "တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ် စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်" ဟု အတိအလင်း ဖော်ပြထားပြီး ဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့စဉ်က နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် စနစ်တကျရေးဆွဲထား ခြင်းဖြစ်သကဲ့သို့ ပြည်ပနိုင်ငံများ၏ ဒီမိုကရေစီကို ပုံတူကူးချခြင်းမဟုတ်ဘဲ ကိုယ့်နိုင်ငံ၏ ပထဝီအနေအထား၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်း သမိုင်း အစဉ်အလာတို့ကိုပါ ထည့်သွင်းစဉ်းစားပြီး စနစ်တကျရေးဆွဲအတည်ပြုထား ခြင်းလည်းဖြစ်ကြောင်း၊ ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ရေးဆွဲအတည်ပြုထား သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို တပ်မတော်အနေဖြင့် လေးစားလိုက်နာရမှာ ဖြစ်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်း ကာကွယ် စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နိုင်ရန် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ် ရေးသည် အလွန်အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နောက်ကျ ကျန်ခဲ့ရ ခြင်းသည် ပြည်တွင်းငြိမ်းချမ်းရေးကို အပြည့်အဝမတည်ဆောက်နိုင် ခြင်းက အဓိကအချက်တစ်ချက်အဖြစ်ပါဝင်နေသည်ကို အထင်အရှားတွေ့ရ မည်ဖြစ်ကြောင်း၊

ထို့ကြောင့် မိမိတို့တပ်မတော်သည် အခုအချိန်တွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်း မှုရရှိရေးလုပ်ငန်းများတွင် ဥပဒေဘောင်အတွင်းမှ တက်တက်ကြွကြွလုပ်ဆောင် နေခြင်းဖြစ်ကြောင်း၊ စစ်ပွဲတစ်ခုဖြစ်ပွားလာပြီဆိုလျှင် ပထမဦးဆုံး ရင်ဆိုင်ကြ ရသည်မှာ တပ်မတော်သားများသာဖြစ်ကြောင်း၊ ထို့ကြောင့် မလိုအပ်ဘဲ စစ်ဖြစ်ပွားမှုကို အဖြစ်နိုင်ဆုံးမလိုလားသူများသည်လည်း တပ်မတော်သား များပင်ဖြစ်ကြောင်း၊ ပြည်တွင်းတွင်အကြောင်းအမျိုးမျိုးဖြင့်ဖြစ်ပွားခဲ့သော ပစ်ခတ်တိုက်ခိုက်မှုများတွင် မည်သည့်ဘက်ကပင်ထိခိုက်ကျဆုံးသည်ဖြစ်စေ မိမိတို့တိုင်းရင်းသားညီနောင်များသာဖြစ်၍ တိုင်းပြည်အတွက်လည်း အလွန် ပင်ထိခိုက်နစ်နာကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက် ရမည့် လုပ်အားများ၊ စွမ်းအားများ အလဟဿ ထိခိုက်ဆုံးရှုံးရခြင်းပင်ဖြစ် ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့ အနေဖြင့်လည်း မိမိရောက်ရှိတာဝန်ထမ်းဆောင် ရာဒေသတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်အတွက် ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်ပေးရမည်ဆိုသည်ကို သဘောပေါက်နားလည်ထားကြရန် လိုအပ်ကြောင်း၊ ထို့အပြင် မိမိတို့ တပ်မတော်အနေဖြင့် ပိုင်နက်နယ်မြေကို တစ်လက်မမျှ အဆုံးရှုံးမခံနိုင်ဘဲ နိုင်ငံ ပိုင်နက်နယ်မြေကို လက်ရှိအတိုင်း စုစုစည်းစည်းတည်ရှိနေရန် အလေးထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကိစ္စများကို ရောက်ရှိတာဝန်ထမ်းဆောင်ရာ ဒေသတိုင်းတွင် အစဉ်အလေး ထားဆောင်ရွက်သွားကြရန်နှင့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ကာကွယ် ထိန်းသိမ်းပြီး နိုင်ငံတော်နှင့် တပ်မတော်၏ အနာဂတ်ကာလတွင် အားကိုးထိုက် သည့် ခေါင်းဆောင်ငယ်များဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်တို့ အား တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေ စည်သူမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်အတူ ရိပ်သာဧည့်ခန်းမ၌ အကောင်းဆုံး ဗိုလ်လောင်းဆုရဗိုလ်လောင်းလေးနွယ်ထွန်း အဖ ဦးထွန်းမြင့်၊ အမိဒေါ်မြင့်လေး (မအူတောရွာ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်)၊ သေနတ်ပစ်အကောင်းဆုံး ဆုရဗိုလ်လောင်းဇာဇာအောင် အဖ ဦးသောင်းအေး၊ အမိဒေါ် ရင်နု(ကညင်ငူရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး) တို့အား မိဘများနှင့်အတူတကွ တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။ (မြဝတီ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် အမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ တက်ရောက်

**နေပြည်တော် ဩဂုတ် ၂၈**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်း ကျောင်း ဘွဲ့ရအမျိုးသမီးဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၁)သင်တန်း ဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကို ယနေ့ညနေ ၆ နာရီတွင် မော်ဘီမြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်း ကျောင်း၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီး သရေစည်သူမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်း ဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော်အရာရှိ ကြီးများနှင့် ဇနီးများ၊ ဖိတ်ကြားထား သည့် ဧည့်သည်တော်များ၊ ကျောင်း ဆင်းအရာရှိများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီးတို့က ကျောင်းဆင်း အရာရှိများအား တစ်ဦးချင်း ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်ပြီး အားပေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်နှင့်ဇနီးတို့ ကျောင်းဆင်းအရာရှိ များအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားစဉ်။ (မြဝတီ)

စကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောင်း ဆင်းအရာရှိများ၊မိဘဆွေမျိုးများနှင့် အတူ ညစာသုံးဆောင်ကြသည်။

ညစာသုံးဆောင်ပြီးချိန်တွင် အခမ်း အနားသို့ တက်ရောက်လာကြသူများ အား ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲ မှုအောက် မြဝတီတေးဂီတအဖွဲ့နှင့် အငြိမ့်အဖွဲ့တို့က ဖျော်ဖြေတင်ဆက် ခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

# ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁)၏ ပြန်တမ်းဝင် အရာရှိ ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မော်ဘီ) ပြည်ထောင်စုခန်းမ၌ကျင်းပရာ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့် တက်ရောက်ချီးမြှင့်ပေးအပ် သည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အရာရှိကြီးများ၊ တာဝန်ရှိ သူများ၊ သင်တန်းဆင်း ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်က အမျိုးသမီး ဗိုလ်လောင်းတစ်ဦးစီ အား ပြန်တမ်းဝင်လက်မှတ်များ ပေးအပ်၍ ပြန်တမ်းဝင်အဖြစ် ခန့်အပ်ခဲ့ သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်က အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယနေ့ပြန်တမ်းဝင် အရာရှိခန့်အပ်ရာ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကွပ်ကဲမှုအောက် ဦးစီးရုံးနှင့်တပ်များတွင် ၉၂ ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက်တပ်များတွင် ငါးဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်တပ်များတွင် သုံးဦး အသီးသီးတာဝန်ပေးခန့်အပ်ခဲ့သည်။

ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁)တွင် ဗိုလ်လောင်း အင်အား ၁၀၀ တက်ရောက်ခဲ့ကာ နိုင်ငံခြားဘာသာဘွဲ့၊ စီးပွားရေးဆိုင်ရာ ဘွဲ့နှင့် အခြားဘာသာရပ်ဆိုင်ရာ ဘွဲ့များပါဝင်ပြီး မဟာဘွဲ့ရသူ ၅၆ ဦး၊ မဟာ ဘွဲ့တက်ရောက်ရန် အရည်အချင်းမီသူ ၃၉ ဦး၊ ရိုးရိုးဘွဲ့ငါးဦး တို့ဖြစ်ကြောင်း သိရသည်။

(မြဝတီ)

# ရာသီဥတုပြောင်းလဲမှုဒဏ်ကို စောစီးစွာ ခံကြရမှာလား

ဒေါက်တာကံညွန့်

ဒီနှစ်ကျရောက်ခဲ့တဲ့ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်နေ့ (World Environment Day-WED) မှာ ကမ္ဘာ့ကုလသမဂ္ဂက ထူးထူးခြားခြား International Year of Small Islands Developing States လို့သတ်မှတ်ထားပါတယ်။ ဒါဟာ ပင်လယ်သမုဒ္ဒရာတွေထဲက ကျွန်းနိုင်ငံငယ်လေးတွေကို သတိထားဂရုစိုက်မိအောင်သတ်မှတ်ခဲ့တာပါ။ ကမ္ဘာပေါ်မှာ ဒီနိုင်ငံငယ်လေးတွေမှာ နေထိုင်ကြတဲ့ လူဦးရေဟာ ၆၃ သန်းကျော်ရှိတယ်လို့ဆိုပါတယ်။ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ပထမဆုံးဆိုးရွားစွာခံစားရမယ့်နိုင်ငံတွေထဲမှာ ဒီနိုင်ငံလေးတွေဟာ ရှေ့တန်းကပါဝင်နေတာကြောင့် ဒီနိုင်ငံတွေကို ရာသီဥတုဒဏ်က တတ်နိုင်သမျှ ပူးပေါင်းကာကွယ်ကြဖို့ နှိုးဆော်ထားပါတယ်။ ကမ္ဘာကြီး အပူရှိန်မြင့်တက်လာတာ၊ ရေခဲတောင်တွေ ပြိုကျပြီး ပင်လယ်ရေပြင်မြင့်တက်လာတာ၊ မုန်တိုင်းတိုက်ခတ်မှုတွေများလာတာတွေကို ဒီနိုင်ငံတွေရင်ဆိုင်ကြရမှာဖြစ်ပါတယ်။

အမေရိကန်နိုင်ငံ Environmental Protection Agency(EPA) အဖွဲ့ကြီးရဲ့ သိပ္ပံပညာရှင်တွေ ၃၀၀ ကျော်ကတော့ စာမျက်နှာ ၁၃၀၀ ပါဝင်တဲ့ ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်တဲ့ သတိပေးနှိုးဆော်ချက်တစ်ရပ်ကို ထုတ်ဝေလိုက်ပါတယ်။ ဒီ Report မှာ အမေရိကန်နိုင်ငံမှာ နှစ် ၅၀ အတွင်း အပူချိန် ၁ ဒသမ ၃ ဒီဂရီဖာရင်ဟိုက်နှင့် ၁ ဒသမ ၉ ဒီဂရီဖာရင်ဟိုက်ထိ မြင့်တက်လာခဲ့တယ်လို့ ဆိုပါတယ်။ ဒီ Report ထဲမှာ အာတိတ်သမုဒ္ဒရာထဲက ရေခဲပြင်တွေဟာ ၁၉၈၄ ခုနှစ် စက်တင်ဘာလက တိုင်းထွာခဲ့တဲ့ပမာဏထက် ၂၀၁၂ ခုနှစ် စက်တင်ဘာလမှာ တိုင်းထွာခဲ့တဲ့ ပမာဏက ထက်ဝက်ကျော်လျော့ပါးသွားတယ်လို့ ထောက်ပြထားပါတယ်။

သူတို့ရဲ့အချက် ၃၀ ပါအညွှန်းကိန်း (30 Indicators) ထဲမှာ ရာသီဥတုပြောင်းလဲမှုဒဏ်ကို သဘာဝပတ်ဝန်းကျင် ပင်လယ်သမုဒ္ဒရာ၊ ရေခဲပြင်တွေနှင့်အတူ လူတွေရဲ့စားနပ်ရိက္ခာနှင့်ကျန်းမာရေးဆိုင်ရာ ပြဿနာတွေ အများအပြား ပေါ်လာနိုင်တယ်လို့ ထောက်ပြထားပါတယ်။ သူတို့ထောက်ပြထားတာကတော့ ဒီလိုနှစ် ၅၀ အတွင်း ထူးထူးခြားခြားရာသီဥတုအပူချိန်မြင့်တက်လာမှုဟာ လူတွေကြောင့် ဖြစ်ရတယ်လို့ ဆိုထားပါတယ်။ စက်မှုလုပ်ငန်းတွေ တိုးပွားလာမှု၊လောင်စာဆီတွေနှင့်ဓာတ်ငွေ့တွေပိုမိုသုံးစွဲလာမှု၊ သစ်တော၊ သစ်ပင်ပြုန်းတီးလာမှုတွေက အဓိကပါဝင်နေတယ်လို့ ဆိုပါတယ်။

ယခုနှစ် မတ်လက ဂျပန်နိုင်ငံမှာပြုလုပ်ခဲ့တဲ့ Intergovernmental Panel on Climate Change (IPCC) အစည်းအဝေးကြီးက အထူးသတိပေးချက် (SOS) ထုတ်ပြန်ထားခဲ့ပေမယ့် ဒါကိုလိုက်နာတဲ့နိုင်ငံအလွန်နည်းပါးတယ်လို့ ဆိုပါတယ်။ ရာသီဥတုပြောင်းလဲမှုဟာ ချောက်ကမ်းပါးကြီးနားကို ရောက်ရှိနေပြီး ရေနံ၊ ဓာတ်ငွေ့၊ လောင်စာဆီတစ်တန် တူးဖော်မီးရှို့လိုက်တိုင်း ချောက်ထဲကိုကျဖို့ တစ်လှမ်းတိုးလိုက်သလိုဖြစ်နေမယ်လို့ဆိုပါတယ်။

မကြာမီကထုတ်ပြန်တဲ့ ဟားဗက်တက္ကသိုလ်က လေ့လာထားချက်တစ်ခုမှာလည်း ရာသီဥတုပြောင်းလဲမှု၊ လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်မြင့်တက်လာမှုဟာ လူတွေရဲ့အရေးကြီးတဲ့ စားနပ်ရိက္ခာတွေဖြစ်တဲ့ ဆန်၊ ဂျုံ၊ ပြောင်းနှင့် ပဲအမျိုးမျိုးတွေမှာ Zinc နှင့် Iron ဓာတ်ပါဝင်မှုကို နည်းပါးသွားစေနိုင်တယ်လို့ ဆိုထားပါတယ်။

**ရာသီဥတုပြောင်းလဲမှုဟာ ချောက်ကမ်းပါးကြီးနားကို ရောက်ရှိနေပြီး ရေနံ၊ ဓာတ်ငွေ့၊ လောင်စာဆီတစ်တန် တူးဖော်မီးရှို့လိုက်တိုင်း ချောက်ထဲကို ကျဖို့ တစ်လှမ်းတိုးလိုက်သလိုဖြစ်နေ**

ဒီလိုလူကျန်းမာရေးအတွက် အရေးပါတဲ့ဓာတ်ပစ္စည်း နှစ်ခုပါဝင်မှုလျော့ပါးလာတာဟာ ကမ္ဘာပေါ်က လူဦးရေ နှစ်ဘီလီယံကို ဒီဓာတ်လျော့ပါးမှုဒဏ် ခံစားရစေပြီး လူ ၆၃ သန်းကိုတော့ ဆိုးရွားစွာရောဂါဖြစ်စေလိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။

မကြာမီက ဗီယက်နမ်နိုင်ငံကလာတဲ့ သတင်းတစ်ပုဒ်မှာလည်း ယင်းနိုင်ငံမှာ ရာသီဥတုပြင်းထန်မှု၊ အပူရှိန်မြင့်မားမှုဟာ နှစ် ၅၀ အတွင်း အဆိုးဆုံးဖြစ်ခဲ့ပြီး လူ ၂၉ ဦး အပူဒဏ်နှင့်အသက်ဆုံးရှုံးခဲ့ရတယ်လို့ ဖော်ပြထားပါတယ်။

ဂျာမနီနိုင်ငံ မြူးနစ်မြို့မှာရှိတဲ့ Derman Research Centre For Environment and Health ဌာနရဲ့ လေ့လာထားချက်တစ်ခုမှာတော့ ၂၀၀၃ ခုနှစ် နွေရာသီက အနောက်ဥရောပနိုင်ငံတွေမှာ အပူချိန်လွန်ကဲမှုကြောင့် လူပေါင်း ၂၂၀၀၀၀ ကျော်သေဆုံးခဲ့တယ်လို့ ဆိုပါတယ်။ အပူလွန်ကဲတာဖြစ်စေ၊ အအေးလွန်ကဲတာဖြစ်စေ၊ ပြင်းထန်တဲ့ ရာသီဥတုဒဏ်ကို သက်ကြီးရွယ်အိုတွေမခံစားနိုင်ဘဲ နှလုံးသွေးကြောရောဂါ၊ လေဖြတ်ရောဂါစတဲ့ ရောဂါတစ်ခုခုနှင့်သေဆုံးခဲ့ရတယ်လို့ ဆိုပါတယ်။ သူတို့လေ့လာချက်အရ အပူရှိန်သာမန်ထက်ပိုပြီး 20 Celsius ကနေ 25 Celsius တက်လာရင် သေဆုံးနှုန်း ၉ ဒသမ ၅ ရာခိုင်နှုန်းတက်လာပြီး အပူချိန် 1-5 Celsius ထိကျလာရင် သေဆုံးနှုန်း ၇ ဒသမ ၉ ရာခိုင်နှုန်းတက်လာနိုင်တယ်လို့ ဆိုထားပါတယ်။ အများအားဖြင့် ရာသီဥတုပြင်းထန်လာရင် သက်ကြီးရွယ်အိုတွေနှင့် ရောဂါအခံတစ်ခုခုရှိနေတဲ့လူတွေကို ပို၍သတိထားစောင့်ရှောက်ဖို့လိုမှာဖြစ်ပါတယ်။

ကနေဒါနိုင်ငံ ဗင်ကူးဗားမြို့ကလာတဲ့ သတင်းတစ်ပုဒ်မှာလည်း ကနေဒါနိုင်ငံ အနောက်ဘက်ပစိဖိတ်ကမ်းခြေဒေသမှာ ဇူလိုင်လ ဒုတိယပတ်က အပူလှိုင်းတစ်ခုဖြတ်သန်းခဲ့တယ်လို့ ဆိုပါတယ်။ ဒီအပူလှိုင်းကြောင့် အပူချိန်ဟာ သာမန်ထက် ၁၀ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီလိုမြင့်တက်မှုကြောင့် လူအသေအပျောက်မရှိခဲ့ပေမယ့် တောမီးလောင်ကျွမ်းမှုဟာ မကြုံစဖူး များပြားခဲ့ပြီး ၆၃ နေရာထိရှိခဲ့တယ်လို့ဆိုပါတယ်။

American Meteorological Society ကထုတ်ဝေတဲ့ နှစ်ပတ်လည်အစီရင်ခံစာမှာလည်း ရာသီဥတုပြောင်းလဲမှုဟာ ထင်ထားတဲ့နှုန်းထက် မြန်မြန်ဆန်ဆန် တိုးတက်လာတာကို တွေ့ရတယ်လို့ဆိုပါတယ်။ နယူးဇီလန်နိုင်ငံ ဗစ်တိုးရီးယားတက္ကသိုလ်က သိပ္ပံပညာရှင် သုတေသီတွေရဲ့အဆိုအရ အပူချိန်မြင့်တင်လာမှုဟာ ၂၀၁၀ ခုနှစ်ကစပြီး ယခု သုံး၊လေး နှစ်အတွင်း သိသိသာသာမြင့်တက်လာနေတယ်လို့ ထောက်ပြထားပါတယ်။

နယူးဇီလန်နိုင်ငံမှာ သူတို့ရဲ့ဒီနှစ်ဆောင်းရာသီဟာ အပူဆုံးဆောင်းရာသီလို့ထောက်ပြပြီး အာဂျင်တီးနားနိုင်ငံကတော့ ဒုတိယအပူဆုံးဆောင်းရာသီ၊ ဩစတြေးလျနိုင်ငံကတော့ ၁၉၁၀ ခုနှစ်ကစပြီး အပူဆုံးဆောင်းရာသီဖြစ်ပြီး အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ်မြင့်တက်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါဟာ Climate Summaries of Europe,Asia and Oceania Report မှာဖော်ပြထားတာဖြစ်ပါတယ်။

ဒီထူးထူးခြားခြားဖြစ်ပေါ်နေတဲ့ ရာသီဥတုပြောင်းလဲလာမှုကို သုတေသနပြုလုပ်နေတဲ့ Renwick ဆိုသူရဲ့ Report အရ ၂၀၁၃ ခုနှစ်အတွင်း ဥရောပတိုက်ထဲက ဆိုးရွားစွာ ရေကြီးရေလျှံမှုတွေကြောင့် လူ ၂၄ ဦး သေဆုံးခဲ့ပြီး ဒေါ်လာဘီလီယံပေါင်းများစွာ ဆုံးရှုံးရတဲ့ပျက်စီးမှုတွေ ဖြစ်ပေါ်ခဲ့တယ်လို့ ဆိုပါတယ်။

တရုတ်နိုင်ငံနှင့်ထိုင်ဝမ်တို့မှာ တိုက်ခတ်နိုင်တဲ့ Super-typhoon Haiyan ဟာလည်း မကြုံဖူးအောင်ထူးခြားတဲ့ ဆိုင်ကလုန်းမုန်တိုင်းတစ်ခုဖြစ်ပြီး လေတိုက်ခတ်မှုနှုန်းဟာ တစ်နာရီ ၃၁၅ ကီလိုမီတာနှုန်းနဲ့စတင်တိုက်ခတ်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် လူ ၆၀၀၀ ကျော် သေဆုံးခဲ့ပြီး အိုးအိမ်ပေါင်းမြောက်မြားစွာ ပျက်စီးခဲ့ရပါတယ်။

ဒီဖြစ်ပျက်မှုတွေကို ထောက်ရှုပြီး ဂျပန်နိုင်ငံမှာပြုလုပ်ခဲ့တဲ့ IPCC အစည်းအဝေးကြီးရဲ့ သတိပေးချက်ထက်ပိုပြီး ရာသီဥတုပြောင်းလဲမှုဟာ စောပြီးဖြစ်လာနိုင်တယ်လို့ သိပ္ပံပညာရှင်တွေက ထောက်ပြထားကြပါတယ်။ ဒီလိုပြောင်းလဲလာမှုကြောင့် ရိုက်ခတ်လာမယ့် စားနပ်ရိက္ခာဆိုင်ရာပြဿနာ၊ ကျန်းမာရေးဆိုင်ရာပြဿနာတွေကို ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

# ဓာတ်အားပြတ်တောက်မည့်အခြေအနေ အများပြည်သူသို့ အသိပေး

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်နှင့် ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်တို့အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သောသစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၀ ရက်တွင် သယ်န်းကျွန်း၊ ဒဂုံ(တောင်)၊ ဒဂုံ(အရှေ့)၊ ပုဇွန်တောင်၊ သာကေတ၊ စမ်းချောင်း၊ကမာရွတ်၊ဗဟန်း၊ သန်လျင်၊ ကျောက်တန်း၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ လှည်းကူး၊ ဖောင်ကြီး၊ ထောက်ကြန့်၊ တိုက်ကြီး၊ ထန်းတပင်၊ ဒါးပိန်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအတွင်းလည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီခွဲအတွင်းလည်းကောင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

ဩဂုတ် ၃၁ ရက်တွင် ဒေါပုံ၊ ဒဂုံ(တောင်)၊ ဒဂုံ(အရှေ့)၊ အလုံ၊ ကမာရွတ်၊ ကျောက်တံတား၊ သန်လျင်၊ သုံးခွ၊ ခရမ်း၊ တံတား၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ မှော်ဘီ၊ လှည်းကူးမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအတွင်းလည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအတွင်းလည်းကောင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

ယင်းသို့ဓာတ်အားဖြတ်တောက်၍ လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားထားသည်။

**(ကြေးမုံ)**




# အနာဂတ်အစ မွေးစာရင်းက ပညာပေးအစီအစဉ်တင်ဆက်

**ဂန့်ဂေါ ဩဂုတ် ၂၈**

နိုင်ငံတော်နှင့်UNICEF တို့ပူးပေါင်းစီစဉ်မှုဖြင့် အနာဂတ်အစ မွေးစာရင်းက ပညာပေးအစီအစဉ်အငြိမ့်ပြခန်းကို ခေါင်းဆောင်မင်းသမီး ရေကြည်ချမ်းမြေ့ပါဝင်သည့် “ရွှေပုပ္ပါးက စကားဝါမြေ” အငြိမ့်အဖွဲ့က မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ ဩဂုတ် ၂၃ ရက် ညပိုင်းက ဖျော်ဖြေတင်ဆက်ခဲ့သည်။

ထိုသို့ဖျော်ဖြေတင်ဆက်ရာတွင် “ဒီနေ့ကစပြီးမွေးစာရင်းလုပ်ကြစို့ ” တစ်ခန်းရပ်ဇာတ်လမ်းအပါအဝင် မြန်မာသံစဉ်သီဆိုမှု၊ အကပဒေသာများ၊ ဟာသ ခန်းများ၊ အငြိမ့်ပွဲများဖြင့် ဖျော်ဖြေတင်ဆက်ရာ ပရိသတ်များက ဆုများချီးမြှင့် ကြပြီး သန်းခေါင်ကျော်သည့်တိုင် တစ်ခဲနက်အားပေးကြသည်။

အဆိုပါအဖွဲ့သည် ဩဂုတ် ၂၀ ရက်တွင် ဂန့်ဂေါခရိုင် ဆောမြို့၌ လည်းကောင်း၊ ဩဂုတ် ၂၁ ရက်တွင် ကျောက်ထုမြို့၌ လည်းကောင်း၊ ဩဂုတ် ၂၂ ရက်တွင် ထီးလင်းမြို့၌ လည်းကောင်း ပြည်သူများအား ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

(၄၆၅)

HPA Hair Professional Association

ဆံပင်ကျွမ်းကျင်ပညာရှင်များအသင်း (HPA) ၏
ဒုတိယအကြိမ်မြောက် ပညာဒါနအဖြစ် ဆံပင်ညှပ်နည်း
(အခမဲ့) သင်တန်း

ဆံပင်ကျွမ်းကျင်ပညာရှင်များအသင်း Hair Professional Association (HPA)မှ ဒုတိယအကြိမ်မြောက် ပညာဒါနအဖြစ် နည်းပြဆရာမ ဒေါ်ကျင်ပို့ (Fancy House Hair Beauty Nail Spa) မှ ဆံပင်ညှပ်နည်းနှင့်အတူ တွေးခေါ်မှုသင်တန်းအားပေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများနှင့် အသင်းဝင်များအား ဖိတ်ခေါ်အပ်ပါသည်။

သင်တန်းပေးမည့်ရက် ။ ။ ၄-၉-၂၀၁၄ ၊ (ကြာသပတေးနေ့)။
နေရာ ။ ။ ယုဇနဟိုတယ်
အနောက်ရွှေဂုံတိုင်လမ်း၊ ရန်ကုန်မြို့။
အချိန် ။ ၁။ နံနက် (၉း၀၀)နာရီမှ မွန်းတည့် (၁၂း၀၀)နာရီ
(စိတ်ပါဝင်စားသူများနှင့် အသင်းဝင်များ)
၂။ မွန်းလွဲ (၂း၀၀)နာရီမှ ညနေ (၅း၀၀)နာရီ
(အသင်းဝင်များသာ)

မှတ်ချက် ။ ။ ဆံပင်ညှပ်နည်း သင်တန်းတက်လိုသူများ Fancy House ဖုန်း ၀၁-၆၅၇၇၅၇၇၊ ၆၅၀၇၅၉၊ ၆၆၂၆၃၆ တို့သို့ (၃-၉-၂၀၁၄) ရက်နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
U NAY LIN AUNG (B.Com, CPA)
ENROL NOW
CIMA (UK)
September Intake
Operational Level (E1)
အမှတ်(၁၈)၊(၃အေ-၆ဘီ)၊သပြေညို(၂)တိုက်၊ဦးထွန်းလင်းခြံလမ်း၊လှည်းတန်း၊ကမာရွတ်မြို့နယ်။
၀၁ -၅၀၄၇၃၇၊ ၅၁၂၉၀၀၊ ၀၉ ၄၅၀၀၂၂၆၄၆၊ ၀၉ ၇၃၁၀၈၄၀၉၊ ၀၉ ၅၁၇၀၁၀၅

# နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အစ္စရေးဒုတိယနိုင်ငံခြားရေးဝန်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၈**

အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဆာချီ ဟာနေးဘီဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိ လာရောက်လည်ပတ်လျက်ရှိသည်။

ယနေ့နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မစ္စတာ ဆာချီ ဟာနေးဘီနှင့် အစ္စရေးကိုယ်စားလှယ်အဖွဲ့က နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၈**

သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ အောက်တိုဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်း၊ ခင်းကျင်းနေရာချထားခြင်းများကို စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၇ ရက်အထိ သက်ဆိုင်ရာ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပြီး ကျောက်မျက်ရောင်းချပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ သက်တမ်းရှိ ဂျီတီစီလိုင်စင် ရယူထားသူများနှင့် ကျောက်မျက်ရတနာ ကုမ္ပဏီမှတ်ပုံတင်ရရှိပြီးသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်အသင်းဝင်နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ခွင့်ပြုမည် ဖြစ်ကြောင်း သိရသည်။

မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပြီး ကျောက်မျက်ရတနာရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများပေးသွင်းရမည်ဖြစ်ကြောင်း၊ ရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသားရတနာကုန်သည်များသည် စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၃ ရက်အထိ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေးမြို့)တွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးခွဲတွင် လည်းကောင်း၊ အောက်တိုဘာ ၆ ရက်မှ ၁၃ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းရုံးချုပ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးတွင်လည်းကောင်း ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

သတ္တုတွင်းဝန်ကြီးဌာန Website www.mining.gov.mm နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website www.mge.gov.mm တွင် နိုင်ငံသားရတနာကုန်သည်များ မှတ်ပုံတင်ရာ၌ ဖြည့်သွင်းရမည့် ပုံစံများကို Download ရယူနိုင်ကြောင်း၊ အွန်လိုင်းမှတစ်ဆင့် လျှောက်ထားလိုပါက Website www.mge.gov.mm, Online Pre-Registration System တွင် မှတ်ပုံတင်၍ ရောင်းချပွဲတက်ရောက်ခွင့် ကိစ္စရပ်များ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့် ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရန်ကုန်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန (မန္တလေး၊ မိုးကုတ်၊ မိုင်းရှူး) နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန (စခန်းရုံး)များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ဒုတိယအကြိမ် မျက်စိအခမဲ့ခွဲစိတ်ကုသမှု အောင်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ မျက်စိခွဲစိတ်ရာတွင် အသုံးပြုသော ပစ္စည်းများနှင့်ဆေးဝါးများ လှူဒါန်းခြင်းအတွက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းနှင့် ဒုတိယအကြိမ် အခမဲ့ မျက်စိခွဲစိတ်ကုသမှု အောင်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကများ၊ တိုင်းဒေသကြီးဝန်ကြီးများ၏ ဇနီးများ၊ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်အသီးသီးမှ တာဝန်ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများနှင့် စေတနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအေးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာနီလာသိန်းက အခမဲ့ မျက်စိကုသမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကများနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ထို့နောက် ပင်မအလှူရှင်ဖြစ်သော အဝေးပြေး ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတင်ယုက အလှူရှင်များကိုယ်စား လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး မျက်စိဝေဒနာရှင်များ ကိုယ်စား စာရေးဆရာကြီး ကိုဖိုးအေး (မြန်မာ့အသံ)က ကျေးဇူးတင်စကားပြောကြားကာ အလှူရှင် ကိုးဘွဲ့ရ ဓမ္မပါလဆရာတော် အရှင်ပါကထာလင်္ကာရက အနုမောဒနာတရား ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မျက်စိခွဲစိတ်ပြီး လူနာများအား ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့က ငွေကျပ် ၁၀၀၀၀ စီ၊ ငွေကျားတိုက်ကုမ္ပဏီ ဦးတင်လတ်-သုဓမ္မသိင်္ဂီဒေါ်မာလာမြင့်မိသားစုက အလှူငွေကျပ် ၅၀၀၀ စီကို လှူဒါန်းခြင်း၊ လေးမျက်နှာမြို့နယ်အသင်းမှ စတုဒိသာအလှူအဖြစ် ကြာဆံဟင်းခါးများ ဧည့်ခံကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ယနေ့အခမ်းအနားတွင် လှူဒါန်းကြသော အလှူရှင်များမှာဦးသန်းဝင်း-ဒေါ်ခင်နွယ်ဝင်း၊ ဦးကျော်လွင် (စိန်တံဆိပ် ခေါက်ဆွဲ)၊ဦးအောင်သိန်း-ဒေါ်ခင်လင်းဦး (Parison Cake)၊ ဦးခင်ဟန်(ဘုရင့်နောင်အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ)၊ ဦးကံဆန်း(မြေလတ်သားကုမ္ပဏီ)၊ ဦးအောင်မြတ်ကို (ပြည့်ဖြိုးအောင်ကုမ္ပဏီ)၊ ဦးဘွန်ဟုတ်-ဒေါ်ချော၊ ကိုသန့်စင်-မအိသန္တာ (ရွှေနန်းမကိုင်နှမိသားစု)၊ ဦးဇော်ထွန်း (သုခရိပ်မွန်)၊ AA Medical ဆေးကုမ္ပဏီမိသားစု၊ ဦးမင်းဇော်ထွန်းနှင့်ဇနီး (ဇော်ပွဲရုံ)၊ စာရေးဆရာကြီး ကိုဖိုးအေး(မြန်မာ့အသံ)-ဇနီးဒေါ်ခင်နှင်းရီ၊ ဦးသိန်းဝင်းနှင့်သူငယ်ချင်းများ (စိန်ထန်းပင်ကုမ္ပဏီ)၊ ဦးအောင်ခိုင်လတ်-ဒေါ်ကေသွယ်မြင့် (Mango Mobile)၊ ဦးကိုကိုဝင်း-ဒုရဲမှူးတင်မာလှိုင်၊ ဦးသန်းဝင်းနှင့်ဇနီး၊ လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီ(ဘုရင့်နောင်)၊ ဦးမောင်မောင်-ဒေါက်တာနီလာသိန်း၊ KTZ ကုမ္ပဏီနှင့်ဦးစိန်မြင့် မိသားစုတို့ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ကွတ်ခိုင်နှင့် ကျောက်မဲမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားနှင့်ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၈**

ဩဂုတ် ၂၃ ရက်က ကွတ်ခိုင်မြို့နယ် နမ့်ဖက်ကာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့နယ် ပန်ကိုင်ကျေးရွာအုပ်စု လွယ်ကုန်ကျေးရွာနေ မအေးလှ၏ နေအိမ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ နှင့် ဘိန်းစိမ်း သုံးဂရမ်တို့အား သိမ်းဆည်းရမိသဖြင့် မအေးလှ(ခ)မအေးလာ (၂၇) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ ဩဂုတ် ၂၄ ရက်က ကျောက်မဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျောက်မဲမြို့နယ် နမ့်ဟူးတောင်းကျေးရွာအုပ်စု ပန်ပေါင်းရွာရှိ အောင်သန်း၏နေအိမ်အားရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မအေးဦးအား တွေ့ရှိရပြီး ဘိန်းဖြူ ၁ ဒသမ ၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၆ ပြား သိမ်းဆည်းရမိသဖြင့် အောင်သန်း (၃၃)နှစ်နှင့် မအေးဦး (၃၀)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# ၂၀၁၄ ခုနှစ် ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်အထိ တစ်ပတ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု

**နေပြည်တော် ဩဂုတ် ၂၈**

ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်အထိ တစ်ပတ်အတွင်း တပ်မတော်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့က ဘိန်းသုံးမှု (အလေးချိန် ၁၂ ဒသမ ၈၅၂၅ ကီလို)၊ ဘိန်းဖြူ ၆၅ မှု (အလေးချိန် သုည ဒသမ ၉၀၄၄ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၈ မှု (ဆေးပြားအရေအတွက် ၁၇၃၈၈၆ ပြား)၊ အက်တက်စီတစ်မှု (ဆေးပြားအရေအတွက် ၂၃၈၅၀၀၀ ပြား)၊ ဘိန်းဆီခဲလေးမှု (အလေးချိန် သုည ဒသမ ၈၈၃ ကီလို)၊ အဆင့်နိမ့်ဘိန်းငါးမှု (အလေးချိန် သုည ဒသမ ၉၁၇၆ ကီလို)၊ ဆေးခြောက်သုံးမှု (အလေးချိန် ၁ ဒသမ ၄၀၁၈ ကီလို)၊ အက်ဖီဒရင်းတစ်မှု (အလေးချိန် ၈ ဒသမ ၈ ကီလို)၊ အိုက်စ် (အလေးချိန် သုည ဒသမ ၀၀၇၃ ကီလို)၊ အီသိုင်းအီသာတစ်မှု (အလေးချိန် ၃၁ ဒသမ ၈၂၂ လီတာ)၊ ဘိန်းရည် တစ်မှု (အလေးချိန် သုည ဒသမ ၂၅ လီတာ)၊ ကဖင်း (အလေးချိန် ၄၆ ကီလို) အမှုပေါင်း ၁၅၂ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသား ၁၉၁ ဦးနှင့် အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၂၁၇ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။


**(သတင်းစဉ်)**

# ကောလင်းမြို့နယ်၌ မိုးကြိုးပစ်ခံရ၍ အမျိုးသားတစ်ဦးသေဆုံး

**ကောလင်း ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် တောင်မော်အုပ်စု တောင်မော်ကျေးရွာနေ မောင်ထွေးကို (၂၅) နှစ်သည် ဩဂုတ် ၂၆ ရက် နံနက် ၁၁ နာရီက ၎င်း၏အစ်ကိုဖြစ်သူ မောင်ကျော်မင်းကိုနှင့်အတူ မိုးသည်းထန်စွာရွာသွန်းနေစဉ် တောင်မော်ရွာတောင်ဘက်ရှိ လယ်ကွင်း၌ နွားဆွဲလာစဉ် မိုးကြိုးပစ်ခံရ၍ နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် သိရှိနိုင်ရန် ကောလင်းမြို့မြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၁၄/၂၀၁၄ ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ကျော်စိုး(iprd)**



❑ နှစ်နိုင်ငံချစ်ကြည်ရေးမှ

**မေး။ ။ဒုတိယဝန်ကြီးက မြန်မာနိုင်ငံကို နှစ်(၂၀)အတွင်း ပထမဦးဆုံး လာရောက်တဲ့ အစ္စရေးနိုင်ငံရဲ့ အဆင့်မြင့် ကိုယ်စားလှယ်တစ်ဦးလို့ သိရပါတယ်။ ဒါကြောင့် ဒုတိယဝန်ကြီးရဲ့ မြန်မာနိုင်ငံကို လာရောက်တဲ့ အဓိကရည်ရွယ်ချက်ကို သိချင်ပါတယ်။**

ဖြေ။ ။အဓိကရည်ရွယ်ချက်ကတော့ နှစ်နိုင်ငံဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ဖို့ဖြစ်ပါတယ်။ ဒ့ါပြင် မြန်မာနိုင်ငံက လုပ်ဆောင်နေတဲ့ ပြုပြင်ပြောင်းလဲရေးကို ထောက်ခံအားပေးဖို့နဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု ပိုမိုလုပ်ဆောင်ဖို့ ရည်ရွယ်ပါတယ်။

**မေး။ ။မြန်မာနိုင်ငံတံခါးဖွင့်ဝါဒ ကျင့်သုံးပြီးကတည်းက ရင်းနှီးမြှုပ်နှံသူတွေက မြန်မာနိုင်ငံကို စိတ်ဝင်စားမှု ရှိလာကြပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုအပေါ် ဒုတိယဝန်ကြီးရဲ့ အမြင်ကို သိလိုပါတယ်။**

ဖြေ။ ။မြန်မာနိုင်ငံမှာ ပွင့်လင်းမြင်သာမှု ရှိလာကတည်းက ပြည်ပရင်းနှီးမြှုပ်နှံသူတွေ စိတ်ဝင်စားမှုရှိခဲ့ပါတယ်။ ဒီလို အခြေအနေမျိုးမှာ မြန်မာနိုင်ငံက တာဝန်ရှိသူတွေအနေနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် အခြေခံအဆောက်အအုံ အပါအဝင် အခြေအနေကောင်းများကို ဖန်တီးပေးဖို့လိုအပ်ပါတယ်။

**မေး။ ။အစ္စရေး-မြန်မာ သံတမန်ဆက်ဆံရေးဟာ နှစ်(၆၀)ပြည့်ပြီလို့ သိရပါတယ်။ မြန်မာနိုင်ငံဟာ အစ္စရေးနိုင်ငံကို ပထမဦးဆုံးအသိအမှတ်ပြုတဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး မြန်မာနဲ့ အစ္စရေးတို့အကြား အနာဂတ်ဆက်ဆံရေး အခြေအနေကို သိပါရစေ။**

ဖြေ။ ။အစ္စရေးနဲ့ မြန်မာနှစ်(၆၀)သံတမန်ဆက်ဆံရေးကာလအတွင်း အစ္စရေးတို့အနေနဲ့ လှုပ်ရှားမှုများစွာကို ဆောင်ရွက်ခဲ့ပါတယ်။ ယင်းအထဲမှ မြန်မာတက္ကသိုလ်ကျောင်းသားတွေပါဝင်တဲ့ Logo ပြိုင်ပွဲ၊ ပထမ ဦးဆုံးသော အစ္စရေးရုပ်ရှင်ပြပွဲ၊ နှစ်နိုင်ငံအကြား အဆင့်မြင့်အရာရှိများ အပြန်အလှန် လည်ပတ်ရေး ပြန်လည်စတင်မှု၊ Soul Bird စာအုပ်ဘာသာပြန်စီမံကိန်းနှင့် စာကြည့်တိုက်နှင့်ကျောင်းများသို့ လှူဒါန်းမှုများပြုခြင်း စတာတွေကို ပြုလုပ်ခဲ့ပါတယ်။ အနာဂတ်ဆက်ဆံရေးအနေနဲ့ မြန်မာအစိုးရက အကောင်အထည်ဖော်နေတဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ဒီမိုကရေစီဖော်ဆောင်ရေးနဲ့ တိုင်းရင်းသားပြန်လည်ရင်ကြားစေ့ရေးတို့ကို ကူညီအားပေးခြင်းဖြင့် အနာဂတ်ဆက်ဆံရေးကို မြှင့်တင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**မေး။ ။မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ အစ္စရေးကုမ္ပဏီတွေ စိတ်ဝင်စားမှု အများကြီးရှိတယ်လို့ သိရပါတယ်။ အစ္စရေးကုမ္ပဏီတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ ဘယ်ကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံချင်သလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။အစ္စရေးကုမ္ပဏီတွေအနေနဲ့ အဓိကရင်းနှီးမြှုပ်နှံချင်တာကတော့ လယ်ယာကဏ္ဍ၊ ပညာရေး၊ ကျန်းမာရေး၊ တယ်လီကွန်မြူနီကေးရှင်းနဲ့ အခြားသောကဏ္ဍများမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆက်သွယ်ရေး



ကန်ထရိုက်အောင်မြင်ခဲ့တဲ့ ကုမ္ပဏီနှစ်ခုစလုံးကလည်း မိမိတို့ရဲ့ အခြေခံအဆောက်အအုံများ တည်ဆောက်ရာမှာ အစ္စရေးကုမ္ပဏီများထံမှ အကူအညီရရှိရေး သဘောတူညီချက် လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ အစ္စရေးရဲ့ Medotot ကုမ္ပဏီအနေနဲ့လည်း ရန်ကုန်မြို့တော်အတွင်း ရေပေးဝေရေး လုပ်ငန်းများ အဆင့်မြင့်တင်ဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ အဆင့်မြင့်နည်းပညာနဲ့ တီထွင်ဆန်းသစ်မှုတွေကို မျှဝေပေးလိုက်ခြင်းအားဖြင့် မြန်မာပြည်သူတွေရဲ့ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒ့ါပြင် မြန်မာကျောင်းသားတွေကို အစ္စရေးနိုင်ငံမှာ လက်တွေ့ရော စာတွေ့ပါ သင်ကြားပေးခြင်းဖြင့် မြန်မာနိုင်ငံအတွက် အသိဉာဏ်ဗဟုသုတတွေကို ပြန်လည်သယ်ဆောင်လာနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

**မေး။ ။မြန်မာအရာရှိကြီးတွေ အစ္စရေးနိုင်ငံကို မကြာခဏ သွားရောက်လည်ပတ်လေ့ ရှိပေမယ့်လည်း အစ္စရေးအရာရှိကြီးတွေက မြန်မာနိုင်ငံကို လာရောက်မှုနည်းပါးပါတယ်။ ဒါကြောင့်မို့ ဒုတိယဝန်ကြီး မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခြင်းဟာ မြန်မာပြည်သူတွေအတွက် အလွန်အရေးပါမယ်၊ အလွန်အကျိုးရှိမယ်လို့ ထင်မိပါတယ်။ အဲဒီထင်မြင်ချက်အပေါ် ဒုတိယဝန်ကြီးရဲ့အမြင်ကို သုံးသပ်ပေးပါ။**

ဖြေ။ ။မိမိတို့အနေနဲ့ မြန်မာနိုင်ငံရဲ့ ဝန်ကြီးချုပ်ဦးနု ပထမဦးဆုံး တရားဝင်ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်တာကို မှတ်မိနေတုန်းပါပဲ။ အဲဒီနောက်မှာ မိမိတို့ဝန်ကြီးချုပ် မစ္စတာ David Ben-Gurion ၁၉၆၁ ခုနှစ်မှာ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့အစ္စရေးနိုင်ငံတို့ဟာ အပြန်အလှန် အကျိုးစီးပွားရှိကြတဲ့ နိုင်ငံတွေပါ၊ အစ္စရေးနိုင်ငံဟာ မြန်မာနိုင်ငံနဲ့ ယခုမှမဟုတ်ဘဲ နှစ်ပေါင်းများစွာကတည်းက ချစ်ခင်ရင်းနှီးမှုရှိခဲ့တဲ့နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့နှစ်တွေက မြန်မာနိုင်ငံ ဝန်ကြီးများ အစ္စရေးနိုင်ငံသို့လာရောက်လည်ပတ်ခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခဲ့ကြပါတယ်။

အစ္စရေးနိုင်ငံခြားရေး ဒုတိယဝန်ကြီး၏ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးစဉ်သည် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ အစ္စရေးနိုင်ငံသို့ အစိုးရဝန်ကြီးများ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့အပြီးတွင် ဖြစ်ပေါ်ခဲ့ပြီး အစ္စရေးနှင့်မြန်မာနိုင်ငံအကြား ကာလရှည်ကြာချစ်ကြည်ရေးအား တစ်ဖန်ဖော်ကျူးလိုက်ခြင်းပင်ဖြစ်သည်။

နေပြည်တော်ရှိ တွေ့ဆုံပွဲများအတွင်း အစ္စရေးဒုတိယဝန်ကြီးသည် နှစ်နိုင်ငံကြားဆက်ဆံရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးအား ဆွေးနွေးခဲ့ပြီး လွန်ခဲ့သော သုံးနှစ်ကာလအတွင်း မြန်မာနိုင်ငံ၌ဖြစ်ပေါ်ခဲ့သော အပြောင်းအလဲများနှင့် ပြုပြင်ပြောင်းလဲမှုအပေါ် အစ္စရေး၏ပံ့ပိုးထောက်ခံမှုများအား ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် ပညာရေးနယ်ပယ်များတွင် လွန်ခဲ့သောနှစ်(၆၀)အတွင်း အစိုးရ-ပုဂ္ဂလိကနှင့် အန်ဂျီအိုများမှ မြန်မာသင်တန်းသားရာပေါင်းများစွာတက်ရောက်ခဲ့သော MASHAV ခေါ် အစ္စရေးနိုင်ငံတကာ ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ လက်ရှိလေ့ကျင့်သင်ကြားရေး ပရိုဂရမ်များအား ပိုမိုချဲ့ထွင်လိုကြောင်း ပြောကြားခဲ့ရာ အဆိုပါဒုတိယဝန်ကြီး၏ မြန်မာနိုင်ငံခရီးစဉ်သည် မြန်မာပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်မိပါသည်။

## ပြည်ထောင်စုဝန်ကြီးဒေါ် မြတ်မြတ်အုန်းခင်အား UNHCR အဖွဲ့ ဌာနေကိုယ်စားလှယ် တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် UNHCR အဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr.Gluseppe De Vincentiis ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အဆိုပါဝန်ကြီးရုံး မေခလာ ခန်းမ၌ တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာ၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်း နေရသူများအတွက် ထောက်ပံ့ပေးနေမှုများ၊ သဘာဝဘေးအရေးပေါ်တုံ့ပြန်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံသဘောတူညီချက်အား အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များအတွက် သင်တန်းဖွင့်လှစ် ဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**


### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပိုင် ပုသိမ်အနောက်မြို့နယ်၊ ချောင်းသာကမ်းခြေရှိ ချောင်းသာကမ်းခြေဟိုတယ် (အခန်း-၈၈)ခန်း၊ မြေ(၂၂. ၂၀)ဧကအား ဟိုတယ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များအား (၁၅)နှစ်ကြာ ငှားရမ်းလုပ်ကိုင်ခွင့်ပြုရန် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရေး ခေါ်ယူအပ်ပါသည်။


၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ရုံးအမှတ်(၃၃)၊ နေပြည်တော်တွင် တစ်စုံလျှင် (၅၀၀၀ိ/-)ဖြင့် ၂၉-၈-၂၀၁၄ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါစည်းမျဉ်းများအသေးစိတ်ကို အဆိုပါဝန်ကြီးဌာနရုံး၌ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ (၃)ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရှင်းလင်းပြောကြားမည်ဖြစ်ပြီး တင်ဒါစည်းကမ်းများကို လိုက်နာနိုင်သူများ၏ အဆိုပြုလွှာများအား အဆိုပါဝန်ကြီးဌာနရုံး၌ပင် ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၄ ရက် (ကြာသပတေးနေ့) ၉း၃၀နာရီမှ ၁၂နာရီအထိ လက်ခံသွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၆၁၇၂၊ ၄၀၆၁၀၄သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဟိုတယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန


## ရေလမ်းကြောင်းအထူးသတိပေးနှိုးဆော်ချက်




ဘုရင့်နောင်တံတား အမှတ်(၂)တည်ဆောက်ရေးစီမံကိန်း ပင်မတံတား သံပေါင်များ တပ်ဆင်ရာတွင် လှိုင်မြစ်အတွင်း ရေလယ်ခန်းဖွင့် (၃)ခန်း ရှိသည့်အနက် အလယ်အခန်း RP-3 နှင့် RP-4 အကြား၊ လှိုင်သာယာဘက်အခန်း RP-4 နှင့် RP-5 အကြား ရေလမ်းကြောင်းများအား ၂၈. ၈. ၂၀၁၄ ရက်နေ့မှစ၍ ခေတ္တပိတ်ထားမည်ဖြစ်ပြီး မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ဘက်အခန်း RP-2 နှင့် RP3 အကြား ရေလမ်းကြောင်းအား ဖွင့်ထားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လှိုင်မြစ်အတွင်း သွားလာနေသော လှေ/သင်္ဘော များသည် ၂၈. ၈. ၂၀၁၄ ရက်နေ့မှစ၍ ဘုရင့်နောင်ဘက်အခန်း RP-2 နှင့် RP-3 အကြား ရေလမ်းကြောင်းမှ ဖြတ်သန်းသွားလာကြပါရန်နှင့် အောက်ဖော်ပြပါ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ကြ ပါရန် သတိပေးနှိုးဆော်ပါသည်။

(၁) ည (၆း၀၀)နာရီမှ နံနက် (၆း၀၀)နာရီအတွင်း မည်သည့်ရေယာဉ်မှဖြတ်သန်းသွားလာခြင်း မပြုရန်။
(၂) ရေယာဉ်များအားလုံး ရေဆန်သာဖြတ်ရန်။
(၃) တံတား၏အထက် (၁၀၀၀)မီတာနှင့် အောက်ဘက် (၁၀၀၀)မီတာတို့တွင် (Check Point)များ မြစ်လယ်၌ ထားရှိပြီး ရေဆန် စောင့်ဆိုင်းသည့် ရေယာဉ်များ ၄င်းနေရာမှ ကျော်လွန်ရပ်ထားခြင်း မပြုရန်။
(၄) ရေယာဉ်ကြံ့ခိုင်ရေး၊ ရေယာဉ်အထောက်အကူပြုမည့် ပစ္စည်းများ ပြည့်စုံစေရေးနှင့် ကျွမ်းကျင်ရေယာဉ်မောင်းများသာမောင်းနှင်ရေးတို့အား ရေယာဉ်ပိုင်ရှင်များမှ အထူးအလေးထားဆောင်ရွက်ရန်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်


### ဝန်ထမ်းအလိုရှိသည်

KHIN MAUNG TUN & BROTHERS Co., Ltd.
လျှပ်စစ်ပစ္စည်းအရောင်းဆိုင်
အမှတ် (၁၉၅)၊ မြေညီ၊ ဗိုလ်ဆွန်ပက်လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၂၆၇၂

၁။ Office Staff — မ (၅) ဦး
၂။ Store Keeper — မ (၅) ဦး
၃။ Marketing & Sale — ကျား/မ (၅) ဦး

အမှတ်စဉ် (၁) အတွက် ကွန်ပျူတာ Excel ကျွမ်းကျင်ရမည်။ Customer Service (ဖုန်းဖြင့်ပြောခြင်း) ကျွမ်းကျင်ရမည်။ စာရင်းအခြေခံနားလည်ရမည်။
အမှတ်စဉ် (၂)အတွက် စာရင်းအခြေခံ နားလည်ရမည်။ အသက် (၃၀)နှင့်အထက် ဖြစ်ရမည်။
အမှတ်စဉ် (၃)အတွက် စာရင်းအခြေခံနားလည်ပြီး customer Service အထူးကောင်းမွန်ရမည်။
လျှောက်ထားလိုသူများ CV.Form နှင့် သက်ဆိုင်ရာ အထောက်အထားများကို လာရောက်လျှောက်ထားနိုင်ပါသည်။ CV. Form အောင်ကြောင်းဖုန်းဆက် အကြောင်းကြားခံရသူများ (၆-၉-၂၀၁၄)ရက် လူကိုယ်တိုင် interview ဖြေရပါမည်။ အခြေခံ လစာ ၁၀၀၀၀၀ ကျပ်နှင့်အထက် + ရာထူးအလိုက် ထပ်မံခံစားခွင့်ရှိပါသည်။

ဒဂုံမြို့သစ်ဆိပ်ကမ်း၊အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းတို့ရှိ မြေကွက်များ၊ဒလနှင့်တွံတေးမြို့နယ်ရှိ လယ်မြေများ၊ဥယျာဉ်ခြံမြေများ ဝယ်လိုသည်။
ဖုန်း- ၀၉-၄၃၀၂၅၅၃၀၊
၀၉-၄၂၃၇၂၆၉၅၊
၀၉-၄၅၀၀၁၁၅၅၄

### ပျောက်ဆုံးကြောင်း

ကျွန်တော်များ U SEIN AYE & SON TRADING Co.,Ltd မှ သွင်းကုန်လိုင်စင် (လိုင်စင်နံပါတ်-IL711-120539)နှင့် ID No.113019(2-6-2011)သည် 6-5-2013 ရက်တွင် လုပ်ငန်းလုပ်ကိုင်နေစဉ်အတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
Ph:09-5127150

### ကံကောင်း

အိမ်၊ ခြံ၊ မြေ
သီလဝါ၊ ကျောက်တန်း၊ သန်လျင်
မြေကွက်များ ရောင်းလို/ဝယ်လိုသည်။
PH-09-49300967
09-420185599

## ပြည်တွင်းရေးရာ

# လှိုင်ကော်အကျဉ်းထောင် စစ်ဆေး

**လှိုင်ကော် ဩဂုတ် ၂၈**

ကယားပြည်နယ် အကျဉ်းဦးစီးဌာန လှိုင်ကော် အကျဉ်းထောင်သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်နှင့်အဖွဲ့သည် ဩဂုတ် ၂၅ ရက်က သွားရောက်စစ်ဆေးရာ အကျဉ်းဦးစီးဌာနမှ (ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဌေး)က အကျဉ်းသား၊ အချုပ်သားများ၏ နေရာထိုင်ခင်းသက်သာချောင်ချိမှု ရှိ၊ မရှိ၊ သန့်ရှင်းမှု ရှိ၊ မရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ၊ မရှိ၊ ကျန်းမာရေးပြည့်စုံမှုရှိ၊ မရှိ၊ မကျန်းမာပါက ဆေးကုသရန် အခွင့်အရေး ရှိ၊ မရှိ၊ အမျိုးသမီးအကျဉ်းသားများအား အကာအရံလုံခြုံစွာထားရှိခြင်း၊ အမျိုးသမီးအဖော်အစောင့်အရှောက်ဖြင့် ထားရှိခြင်းများ ရှိ၊ မရှိ၊ အကျဉ်းသားများနှင့် အချုပ်တရားခံများအပေါ် နှိပ်စက်ညှဉ်းပန်းမှု မတရားပြုမှု ရှိ၊ မရှိ၊ ဥပဒေပါ အခွင့်အရေးများရရှိခြင်း ရှိ၊ မရှိတို့နှင့် စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ပဲခူး ဩဂုတ် ၂၈**

ပဲခူးမြို့ ထုံးကြီးကျေးရွာအုပ်စု ထုံးကြီးကျေးရွာ အောင်ဘုံသီဟ ရွှေပြည်သာအေးဘုရားရင်ပြင်တွင် မိုးပွင့်အဆင့်(၆)စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဩဂုတ် ၂၆ ရက်က ပြုလုပ်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြင်သိန်း၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးရဲမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် ပြည်သူများ တက်ရောက်ပြီး တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးက နိုင်ငံသားစိစစ်ရေးကတ် ၂၀၈ ခုကို ပေးအပ်ရာ **(အောက်ပုံ)** ထုံးကြီးကျေးရွာသူကျေးရွာသားများကိုယ်စား အုပ်ချုပ်ရေးမှူးက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**(ဝ၇၅)**




# ပြည်သူဗဟိုပြု ရဲလုပ်ငန်းစဉ် ဆင့်ပွားသင်တန်းဆင်း

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက ပြည်သူဗဟိုပြုရဲလုပ်ငန်းစဉ် ဆင့်ပွားသင်တန်းပြုလုပ်ခဲ့သည်။ ယင်းပြည်သူဗဟိုပြုရဲလုပ်ငန်းစဉ် ဆင့်ပွားသင်တန်းဆင်းပွဲတွင် မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်လွင်နှင့် EU ကိုယ်စားလှယ် Mr.David Hamilton တို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(၆၈၄)**




# ငယ်ရွယ်သူ အမျိုးသမီးငယ်နှစ်ဦးအား ကူညီစောင့်ရှောက်

**တာချီလိတ် ဩဂုတ် ၂၈**

ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ အမှတ်(၁) ချစ်ကြည်ရေးတံတားအနီးတွင် ဆယ်ကျော်သက်အရွယ် မြန်မာအမျိုးသမီးနှစ်ဦး မျက်စိလည်လမ်းမှားကာ ခရီးစရိတ်ပြတ်တောက်လျက် ဒုက္ခကြုံတွေ့နေရကြောင်း၊ တာဝန်သိပြည်သူတစ်ဦးက တာချီလိတ်မြို့ရှိ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ (CNCMC) ထံသို့ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက တယ်လီဖုန်းဖြင့် သတင်းပေးချက်အရ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းတို့၏ လမ်းညွှန်ချက်နှင့်အညီ CNCMC ကော်မတီဝင်များဖြစ်ကြသည့် ဦးမောင်မောင်၊ ဦးအောင်ဖြိုးရှိန်၊ ဦးစည်သူမောင်နှင့် ဦးသန်းထွန်းတို့သည် အဆိုပါအမျိုးသမီးငယ် နှစ်ဦးအား သွားရောက်ရှာဖွေ၍ ခေါ်ဆောင်လာခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများထံ အပ်နှံပေးခဲ့သည်။

အဆိုပါ အမျိုးသမီးငယ်နှစ်ဦးမှာ မိုင်းဆတ်ခရိုင် ဝမ်ဟုန်ကျေးရွာအုပ်စု ဟော်ပင်ကျန်းကျေးရွာမှ ကိုးကန့်တိုင်းရင်းသူများဖြစ်ကြပြီး တာချီလိတ်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံအား ဖြတ်သန်းကာ လာအိုနိုင်ငံရှိ ကာစီနိုဝိုင်းများ၌ အလုပ်လုပ်ကိုင်ရန်အတွက် ဩဂုတ် ၂၆ ရက်တွင် ထွက်ခွာလာခဲ့ကြရာ မြန်မာစကားလည်းကောင်းစွာမတတ်၊ ထိုင်းစကားလည်း ကျွမ်းကျင်မှုမရှိဘဲ ကိုးကန့်ဘာသာစကားသာတတ်မြောက်သည့်အတွက် လိုရာခရီးသို့ မရောက်ရှိဘဲ သုံးစွဲစရာ ငွေကြေးပြတ်လပ်သွားသည့်အတွက် ၎င်းတို့တွင် ပါလာသည့် လက်ကိုင်ဖုန်းအား လိုက်လံရောင်းချနေစဉ် တာဝန်သိမြန်မာနိုင်ငံသားတစ်ဦးမှ တာချီလိတ်မြို့ရှိ CNCMC ကော်မတီထံ တယ်လီဖုန်းဖြင့် အသိပေးအကြောင်းကြားခဲ့သည့်အတွက် ကော်မတီမှ သွားရောက်ကူညီ ခေါ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အမျိုးသမီးငယ်နှစ်ဦးအား သက်ဆိုင်ရာမှ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးနောက် တစ်ဖက်နိုင်ငံများသို့ တရားမဝင်သွားရောက်ရာတွင် ကြုံတွေ့ရနိုင်သည့် အန္တရာယ်များ၊ အထူးသဖြင့် ငယ်ရွယ်သေးသော အမျိုးသမီးငယ်များဖြစ်သည့်အတွက် မသမာသူများနှင့် လူကုန်ကူးသူများ၏ အသုံးချခံဖြစ်သွားနိုင်သည့် အချက်များအား အသိပညာပေးဆုံးမကာ ညနေပိုင်းတွင် သက်ဆိုင်ရာ အုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံပေးခဲ့ကြောင်း သိရသည်။

**(မောင်ယဉ်ကျေး)**


### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ

### ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ရင်းနှီးတည်ဆောက်သူများထံမှ စိတ်ဝင်စားမှု ဖော်ပြလွှာ(EOI)ခေါ်ယူပြီးစီးမှု ကြေညာခြင်း

ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီး တည်ဆောက်သူ (developers)များအား ရေနက် ဆိပ်ကမ်းစီမံကိန်း(Deep Sea Port)၊ စက်မှုစီမံကိန်း (Industrial Park ) နှင့် လူနေအိမ်ရာစီမံကိန်း (Integrated Residential Project)၊ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(၃) ခုခွဲကာ နိုင်ငံတကာသို့ အိတ်ဖွင့်တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်အရ ၁၄-၇-၂၀၁၄ ရက်တွင် စိတ်ဝင်စားမှု ဖော်ပြလွှာ (EOI) များတင်သွင်းရန် ဖိတ်ခေါ်ခဲ့ပြီး (EOI) တင်သွင်းရမည့် နောက်ဆုံးနေ့ အဖြစ် ၂၅-၈-၂၀၁၄ရက် ၁၇:၀၀ နာရီကို သတ်မှတ်လုပ် ဆောင်ခဲ့ပါသည်။

(EOI) များ တင်သွင်းရန် နောက်ဆုံးနေ့အဖြစ် သတ်မှတ်ထားသည့် ဩဂုတ်လ ၂၅ ရက်အထိ နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ကုမ္ပဏီအုပ်စုပေါင်း ၆၁ ခု မှတ်ပုံတင် စာရင်းပေးသွင်းခဲ့ကြပြီး နိုင်ငံပေါင်း ၇ နိုင်ငံ၊ ကုမ္ပဏီအုပ်စု ၁၂ခုမှ ယင်းတို့ စိတ်ဝင်စားသော အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတို့နှင့် သက်ဆိုင်သည့် အချက်အလက်များကို အထောက်အထား ၂၁ ခု အတွက် သတ်မှတ်ထားသော အမေရိကန်ဒေါ်လာ ၁၀၀၀ အသီးသီးပေးသွင်းကာ ရယူခဲ့ကြပါသည်။ ယင်းပေးသွင်းထားသူများအနက် နိုင်ငံပေါင်း ၅ နိုင်ငံမှ ကုမ္ပဏီအုပ်စု ၇ ခုက စိတ်ဝင်စားမှု ဖော်ပြလွှာ (EOI) အထောက်အထား ၁၂ခုကို ပြန်လည် တင်သွင်းခဲ့ကြပါသည်။

စိတ်ဝင်စားမှုဖော်ပြလွှာ(EOI)အထောက်အထားများ တင်သွင်းလာကြသည့် ကုမ္ပဏီအုပ်စုများအနေဖြင့် အသေးစိတ်တင်ဒါ အဆိုပြုလွှာများ တင်သွင်းနိုင်ရေး ဆက်လက်လုပ်ဆောင်သွားရန် ကျောက်ဖြူအထူးစီးပွားရေးဇုန် တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီ (BEAC) အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖြစ်ပေါ်တိုးတက်သမျှကို အချိန်နှင့်တစ်ပြေးညီ အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

**Bid Evaluation and Awarding Committee (BEAC)**
**of the Kyauk Phyu Special Economic Zone and CPG Consortium**



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### နိုင်ငံခြားရေးဝန်ကြီးဌာန

နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့်ကောင်စစ်ဝန်ချုပ်ရုံးများ၏ **e-Government** လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးအားလုံး၌ e-Government စနစ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် နိုင်ငံတကာအဆင့်မီ Completed Solution များအား အသုံးပြုလိုပါသဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်လိုသော ပြည်ပတွင် တရားဝင် နည်းပညာကုမ္ပဏီကျောထောက်နောက်ခံရှိသော ပြည်တွင်း IT ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လိုပါသည်။

၂။ လုပ်ငန်းလက်ခံဆောင်ရွက်လိုသော ပြည်တွင်း IT ကုမ္ပဏီများအနေဖြင့် အဆိုပြုဆောင်ရွက်မည့် လုပ်ငန်းအစီအမံများအား "e-Government အကောင်အထည်ဖော်ဆောင်ရေးကော်မတီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်" ဟု လိပ်မူလျက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ တင်ပြရမည်ဖြစ်ပါသည်-

(က) သိရှိလိုက်နာဆောင်ရွက်ရမည့် အသေးစိတ်အချက်အလက်များ ထုတ်ယူနိုင်သည့်ရက် — (၂၈-၈-၂၀၁၄)ရက်မှ (၁၀-၉-၂၀၁၄)ရက်ထိ

(ခ) တင်ဒါပိတ်မည့်နေ့ရက်၊ အချိန် — (၃၀-၉-၂၀၁၄)ရက်၊ (၁၂:၀၀)နာရီ

၃။ သတ်မှတ်ထားသော တင်ဒါပိတ်မည့်နေ့ရက် အချိန်မီ တင်သွင်းနိုင်ခြင်းမရှိသော တင်ဒါများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်းနှင့် အသေးစိတ်မေးမြန်းစုံစမ်းလိုပါက e-Government အကောင်အထည်ဖော်ဆောင်ရေး ကော်မတီ၊ ရုံးအမှတ်(၉)၊ တယ်လီဖုန်း ၀၆၇-၄၁၂၃၅၅ အား ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**e-Government**အကောင်အထည်ဖော်ဆောင်ရေးကော်မတီ
နိုင်ငံခြားရေးဝန်ကြီးဌာန



MMDA®

မြန်မာနိုင်ငံဆီးချိုသွေးချိုရောဂါအသင်း မှ ကြီးမှူးကျင်းပသည့်

ဆီးချိုသွေးချိုရောဂါအကြောင်း

ပညာပေးဟောပြောခြင်းနှင့် လူနာများအား ရောဂါအတွေ့အကြုံဆွေးနွေးရှင်းပြခြင်းတို့ကို

"ပါမောက္ခ ဒေါ်သန်းသန်းအေး" မှ

အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပေးမည် ဖြစ်ပါသည်။

နေ့ရက် ။ ။ ၃၀-၈-၂၀၁၄ (စနေနေ့)

အချိန် ။ ။ မွန်းလွဲ (၁:၃၀)မှ(၄:၀၀)နာရီ

နေရာ ။ ။ သူနာပြုတက္ကသိုလ်၊ ဗိုလ်ချုပ်လမ်း

အသေးစိတ် သိရှိလိုပါက ဖုန်းနံပါတ် - ၀၁-၂၁၁၃၅၃၊ ၂၂၁၂၀၃၊ ၂၁၅၄၄၃၊ ၂၁၄၉၁၂၊ ၀၉ ၄၂၀၇၃၈၉၈၁၊ ၀၉ ၄၃၁၅၃၅၉၀

စိတ်ပါဝင်စားသူတိုင်းတက်ရောက်နိုင်ပါသည်။

Organized by

Diabetasol
Diabetes Nutrition Solution



### ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၈-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၁) ပါ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများ၏ **e-Government** လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းတွင် တင်ဒါပိတ်မည့်ရက်အား ၃၀-၉-၂၀၁၄ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။



### ဝန်ထမ်းအလိုရှိသည်

Shokosha Myanmar Co.,Ltd မှ မကြာမီဖွင့်လှစ်တော့မည့် နာရီစက်ရုံသစ်ကြီးအတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

(၁) Production Line Worker (ကျား/မ) (၅၀)ဦး

(၂) Technician of Electrical, Mechanical and Chemical (ကျား/မ) (၁၀)ဦး

(၃) Office Staff (ကျား/မ) (၆)ဦး

အခြေခံအထက်တန်း/ဘွဲ့ရများ လျှောက်ထားနိုင်ပါသည်။ English, Chinese, Japanese, အခြေခံပြောဆိုနိုင်သူ ဦးစားပေးမည်။

C.V Form ဓာတ်ပုံ(၂)ပုံနှင့် အောက်ပါလိပ်စာတွင် လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာပိတ်ရက် (၁၂-၉-၂၀၁၄)

အမှတ်- **C.4** ၊ မင်္ဂလာဒုံစက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
အမှတ်(၃) လမ်းနှင့် မင်္ဂလာဒုံခရေပင်လမ်းဆုံထောင့်)
ဖုန်း-၀၉ ၂၅၄၂၀၂၆၄၇၊
**FAX** ၀၁-၅၄၀၈၈၁

KBZ BANK

# ကမ္ဘောဇဘဏ်လီမိတက်

## (၁၈၀) ဘဏ်မြောက် ရွှေပြည်သာဘဏ်ခွဲ ကို

၂၆.၈.၂၀၁၄ (အင်္ဂါနေ့) တွင် ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

**သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

ဆက်သွယ်ရန်လိပ်စာ

**ရွှေပြည်သာဘဏ်ခွဲ**

တိုက်အမှတ်(အေ)ဘုရင့်နောင်လမ်း၊ AMC ဝန်ထမ်းအိမ်ရာ၊

ရွှေပြည်သာစက်မှုဇုန်အပိုင်း(၃)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း – (၀၁) ၆၁၈၈၆၅၊ ၆၁၈၈၆၆

ဖက်စ် – (၀၁) ၆၁၈၈၆၃၊ ၆၁၈၈၆၄

www.kbzbank.com

# မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရန် လုပ်ငန်းရှင်များအား SMIDB ဘဏ်မှ ချေးငွေများထုတ်ချေးမည်

**မန္တလေး၊ ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဘဏ် SMIDB မှ ထုတ်ချေးမည်ဖြစ်ရာ မူဝါဒနှင့်အညီ စနစ်တကျထုတ်ချေးပေးနိုင်ရန် ချေးငွေစိစစ်ရေးကော်မတီအစည်းအဝေးကို ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁ နာရီက မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် ညှိနှိုင်းဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ SMEs လုပ်ငန်းများအား ချေးငွေထုတ်ပေးနိုင်ရေး မန္တလေးမြို့ထုတ်သတင်းစာများတွင် ကြော်ငြာခဲ့ရာ မြို့နယ် ၂၁ မြို့နယ်မှ ချေးငွေလျှောက်ထားသူ ၂၈၉ ဦး လျှောက်ထားခဲ့သည်။ မန္တလေးတိုင်းဒေသကြီးအတွင်းတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင် ၇၀၀၀ ကျော်ရှိရာ ချေးငွေလျှောက်ထားသူ ၂၈၉ ဦး လျှောက်ထားကြောင်း သိရသည်။

ငွေချေးပေးနိုင်ရန် အဆိုပါချေးငွေလျှောက်ထားသူ ၂၈၉ ဦးအား ထပ်မံစိစစ်ရာ ပိုင်ဆိုင်မှုမြေဂရန် ပြည့်ပြည့်စုံစုံလျှောက်ထားသူ ၈၅ ဦး ရှိသည်။ ၎င်း ၈၅ ဦးအား ချေးငွေစိစစ်ရေးကော်မတီမှ ကျပ်သိန်း ၅၀၀ အထက်လျှောက်ထားသူအား လုပ်ငန်းလည်ပတ်မှုနှင့် ဈေးကွက်အောင်မြင်မှု လက်ရှိလုပ်ငန်းအား တိုးချဲ့နိုင်မည့်အခြေအနေပေါ်မူတည်၍ ကျပ်သိန်း ၅၀၀ နှင့် ၃၀၀ ချေးပေးနိုင်ရေး၊ ငွေကျပ်သိန်း ၅၀၀ နှင့်အောက် လျှောက်ထားသူအား ငွေကျပ်သိန်း ၂၀၀ နှင့် ၁၀၀ ချေးပေးနိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ ထောက်ခံတင်ပြလာသော ချေးငွေရရှိလိုသူ SMEs လုပ်ငန်းရှင်များကို အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ တိုင်းဒေသကြီး/ ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေများကို တစ်ခုလျှင် ငွေကျပ်တစ်ဘီလျံစီနှင့်လည်းကောင်း၊ လုပ်ငန်းရှင်ငွေချေးသူတစ်ဦးလျှင် ကျပ်သိန်းတစ်ထောင်ထက်မပိုသောနှုန်းထားဖြင့် စိစစ်ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်သွားရန် ညွှန်ကြားထားသော်လည်း မန္တလေးတိုင်းဒေသကြီးအနေဖြင့် ချေးငွေလျှောက်ထားသူများပြားသဖြင့် ချေးငွေပမာဏ ထပ်တိုးချေးပေးနိုင်ရန် ထပ်မံတောင်းခံခဲ့ရာ တစ်ဘီလီယံ ထပ်မံချထားပေးခဲ့သဖြင့် ချေးငွေစုစုပေါင်း နှစ်ဘီလီယံအား လူဦးရေများများနှင့် မျှမျှတတ ထုတ်ချေးပေးနိုင်ရန်အတွက် ချေးငွေစိစစ်ရေးကော်မတီမှ အများဆုံး ငွေကျပ်သိန်း ၅၀၀ ထုတ်ချေးပေးနိုင်မည် ဖြစ်သည်။

မြေဂရန်ပိုင်ဆိုင်မှု အချက်အလက် အထောက်အထားပြည့်စုံသည့် အသေးစားနှင့် အလတ်စားလုပ်ငန်းရှင် ၈၅ ဦးကို ဆောင်ရွက်နေသည့်လုပ်ငန်းပေါ်မူတည်၍ SMIDB ဘဏ်မှ ချေးငွေအားအတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ချေးပေးသွားမည်ဖြစ်သည်။ ချေးငွေထုတ်ချေးမည့် လုပ်ငန်းရှင် ၈၅ ဦးအပြင် ချေးငွေထပ်မံလျှောက်ထားသူများရှိလာပါက ချေးငွေထပ်မံရရှိမှုနှင့်လုပ်ငန်းအပေါ်မူတည်ပြီး ဦးစားပေးအနေဖြင့် ကျပ်သိန်း ၅၀၀၊ ကျပ်သိန်း ၃၀၀၊ ကျပ်သိန်း ၂၀၀၊ ကျပ်သိန်း ၁၀၀ အား ချေးပေးရန် သတ်မှတ်ပေးခဲ့သည်။ **မောင်ပြည်သူ(မန္တလေး)**

## ပင်လုံမြို့ အခြေခံပညာအထကမှ ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေး အပ်ပွဲအခမ်းအနားကျင်းပ

**ပင်လုံ၊ ဩဂုတ် ၂၈**

လွိုင်လင်ခရိုင်၊ ပင်လုံမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ပင်လုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ ၂၇၂ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီက ပင်လုံမြို့ ပြည်ထောင်စုခန်းမတွင် ပြုလုပ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ဥပဒေနှင့်ညီညွတ်သည့် မြန်မာနိုင်ငံသားများအား မိုးပွင့်အဆင့်(၁)မှ အဆင့် (၅) အထိ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လွိုင်လင်ခရိုင်၊ ပင်လုံမြို့၌ အသက် ၁၀ နှစ်ပြည့်ပြီးသူ ကျား/မပေါင်း ၁၉၉၈ ဦး၊ အသက် ၁၈ နှစ်ပြည့်ပြီးသူ ကျား/မပေါင်း ၁၈၉၂ ဦးတို့အား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ယခုမိုးပွင့်အဆင့် (၆) ကို ၂၀၁၄ ခုနှစ် ဇွန် ၁ ရက်မှ စတင်၍ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ပင်လုံ(အရှေ့)ကျေးရွာအုပ်စု၊ နောင်လိုင်ကျေးရွာအုပ်စု၊ ပန်မုန့်ကျေးရွာအုပ်စု၊ ဟဲနန်းကျေးရွာအုပ်စုနှင့် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းများတွင် အသက် ၁၀ နှစ်ပြည့်ပြီးသူ ကျား/မပေါင်း ၆၅၉ ဦး၊ အသက် ၁၈ နှစ်ပြည့်ပြီးသူ ကျား/မပေါင်း ၆၂၅ ဦးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ပင်လုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ ၂၇၂ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်နိုင်ခဲ့ကြောင်း လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်က အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးလှစိုးက မိုးပွင့်အဆင့် (၆) တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။ ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဌေးလှိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ **မိုးလွင်ဦး(လွိုင်လင်)**

## ကျိုက်ထိုမြို့နယ် သိမ်ဇရပ်တိုက်နယ်ဆေးရုံတွင် စွန့်ပစ်အမှိုက်မီးရှို့စက် တည်ဆောက်ပြီးစီး

**ကျိုက်ထို၊ ဩဂုတ် ၂၈**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်စံပြကျေးရွာ၊ တိုက်နယ်ဆေးရုံတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ခွင့်ပြုငွေနှင့် အလှူရှင်များထည့်ဝင်ငွေတို့ဖြင့် စုပေါင်းတည်ဆောက်ခဲ့သော စွန့်ပစ်အမှိုက်မီးရှို့စက် ဆောက်လုပ်မှုပြီးစီးပြီဖြစ်သောကြောင့် စတင် အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

ဆေးရုံမှထွက်ရှိသော စွန့်ပစ်အမှိုက်များ မီးရှို့ဖျက်ဆီးရာတွင် ပတ်ဝန်းကျင်အား မထိခိုက်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြခဲ့ရာ မီးရှို့စက်ဆောက်လုပ်ရန် ခွင့်ပြုငွေ ကျပ် ၄၁ သိန်းရရှိခဲ့ကြောင်းသိရသည်။

အဆိုပါမီးရှို့စက်ဆောက်လုပ်ရန် လိုအပ်သောငွေကို နယ်မြေခံအလှူရှင်များက ထပ်မံထည့်ဝင်လှူဒါန်းခဲ့ပြီး စုစုပေါင်းငွေကျပ် ၇၈သိန်းခန့် ကုန်ကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စွန့်ပစ်အမှိုက်မီးရှို့စက်မှာ အောက် ခြေ ၇ ပေပတ်လည်၊ ခေါင်းတိုင်အမြင့် ၄၆ ပေရှိပြီး မီးရှို့စက်အတွင်းတွင် ရေကန်ငယ်တစ်ခု ထည့်သွင်းတည်ဆောက်ထားသောကြောင့် အဆိုပါရေကန်အတွင်းတွင် ပြာမှုန်များ ကျန်ရစ်ကာ မီးခိုးအထွက်နည်းပြီး ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိကြောင်း ဆေးရုံအကျိုးဆောင် ဦးသောင်းဟန်က ရှင်းလင်းပြောကြားခဲ့သည်။

**ရဲခေါင်ဦး**



**ကားရောင်းရန်ရှိသည်**

| | |
|---|---|
| 1. Canter 14 ပေ box CNG | 1 စီး |
| 2. Nissan 14 ပေ box ဒီဇယ် | 1 စီး |
| 3. Canter 10ပေ ပုံပြောင်းဒီဇယ် | 1စီး |
| 4. Town Ace ပစ်ကပ် 1 တန် ဒီဇယ် | 2စီး |

ဆက်သွယ်ရန်ဖုန်း ၀၉-၇၃၀၄၆၄၉၄

**အများသိစေရန်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်းရပ်ကွက်၊ တိုက်အမှတ်(၃၂၁)၊ အခန်းအမှတ်(5-A)ခေါင်းရင်းခန်းအား ဒေါ်မြင့်မြင့်စိုး[၁၂/သကတ(နိုင်)၀၀၈၂၈၄]မှ လက်ရှိနေထိုင်ပြီး တစ်ဦးတည်း ပိုင်ဆိုင်သောအခန်းဖြစ်ပါသည်။ အဆိုပါအခန်းအား ၎င်း၏ သမီးဖြစ်သူ မသိန်းသိန်းမြင့်[၁၂/သကတ(နိုင်)၀၁၀၉၁၇]ကို ဥပဒေနှင့် အညီ လွှဲပြောင်းပေးအပ်ရန် ဆောင်ရွက်လျက်ရှိပါသဖြင့် အခန်းပိုင်ဆိုင်မှုနှင့်သော်လည်းကောင်း၊ အခန်းလွှဲပြောင်းပေးအပ်ခြင်းနှင့်သော်လည်းကောင်း ကန့်ကွက်လိုပါက အကျိုးအကြောင်းခိုင်လုံစွာဖော်ပြ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်မြင့်မြင့်စိုး[၁၂/သကတ(နိုင်)၀၀၈၂၈၄]

အမှတ်(၃၂)၊ အထက်ပုဇွန်တောင်၊ စက်ဆန်းတိုက်(၃၂)၊ အခန်း(**5-A**)

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀/သမိုင်း)၊ မြေကွက်အမှတ်(၁၈/ဃ)၏ အစိတ်အပိုင်း၊ (၉၅×၈၇)ပေ၊ မြေကွက်တည်နေရာအမှတ်-၃၀၃၊ ခြံအမှတ်-၁၈/ဃ၊ ရွှေရတနာလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးရွှေဘအမည်ပေါက် ဘီ/လ/န ၃(ခ)မြေအား အမည်ပေါက်ဦးရွှေဘထံမှ တရားရုံးဒီကရီဖြင့် ရရှိလာသူ ဦးစံငွေ၏ ဇနီးဖြစ်သူ ဒေါ်ခင်ကြည်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်ခင်မေမြင့်မှ(တရားလို)ပြုလုပ်၍ မရမ်းကုန်းမြို့နယ်၊ တရားရုံး တရားမကြီးအမှုအမှတ်-၂၇/၂၀၁၀ ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ဒေါ်ခင်ကြည်အား(တရားပြိုင်)ရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ်(၁၀/၂၀၁၂)ဖြင့် ဒေါ်ဦးဆန်းရီ(ဘီလစ်)အား တာဝန်ပေးမှုဖြင့် တရားရုံးဒီကရီအထောက်အထားများ တင်ပြ၍ ဒေါ်ဦးဆန်းရီ(ဘီလစ်)[၁၁/ကတန(နိုင်) ၀၀၀၆၇၄]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

